မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၀၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီးတို့အား ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn ထိုင်းနိုင်ငံ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုလွှတ်တော်က ကြေညာချက်အမှတ်(၁/၂၀၁၂)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်

ကြေညာချက်အမှတ်(၁/၂၀၁၂)

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်
တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်) အင်္ဂါနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
နာယက
ပြည်ထောင်စုလွှတ်တော်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn ၏ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာ့တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ထိုင်းနိုင်ငံ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့အား ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့်ဇနီး၊ Lieutenant General Attanop Sirisak နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိန်းနှင့်ဇနီး ဒေါ်ခင်ထွေးရီ၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်နှင့်ဇနီး ဒေါ်မြင့်မြင့်ကြည်နှင့် တာဝန်ရှိသူများက လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Dusit Thani Hotel သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် ဗန်ကောက်မြို့ Grand Palace သို့ သွားရောက်လေ့လာကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မြဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ Ananta Samakhon Throne ခန်းမသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

သြဝါဒစကားပြောကြား

ညနေပိုင်းတွင် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ သံရုံးဝန်ထမ်းများနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ပညာတော်သင် မြန်မာကျောင်းသားများအား တွေ့ဆုံ၍ သြဝါဒစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သြဝါဒစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ လက်ရှိ ဖြစ်ပေါ်တိုးတက်နေသော အခြေအနေများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှု အခြေအနေများ၊ ပြည်သူလူထုနှင့် တပ်မတော်သည် ဒွိတာဝန်အရေးသုံးပါး ကာကွယ်စောင့်ရှောက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပုံများ၊ နိုင်ငံရပ်ခြား၌ အလုပ်လုပ်နေသူများသည် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုနေသူများဖြစ်ကြသဖြင့် ဥပဒေစည်းမျဉ်း၊

စာမျက်နှာ ၈ ကော်လံ ၁ ◆

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



လနှင့် ဂျူပီတာဂြိုဟ် အနီး နိုင်ငံတကာ အာကာသယာဉ်စခန်း ဖြတ်သန်းခဲ့ စာ-၄

၂၀၁၁ ခုနှစ် ကမ္ဘာ့အလှဆုံး အနုပညာရှင်စာရင်းဝင် ဂျပန်ရုပ်ရှင်မင်းသမီး ကာဒီနာ စာ-၅

ဒီဇင်ဘာလအတွက် ပရီမီယာလိဂ်အကောင်းဆုံးဆု နည်းပြ မာတင်အိုနေးနှင့် တိုက်စစ်မှူး ဒမ်ဘာဘာတို့ရရှိ စာ-၅

စင်ကာပူနိုင်ငံမှ အပ်နှံသော ရေယာဉ်တည်ဆောက်ရေးလုပ်ငန်း မကြာမီစတင်ဆောင်ရွက်ရန်ရှိ စာ-၈

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၀ ရက်)

အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများ

လူအများစုသည် အသက်ရှည်ရှည် နေထိုင်လိုကြသည်။ လူတို့ အသက်ရှင်နေထိုင်ကြရခြင်းမှာ ကံ၊ စိတ်၊ ဥတုနှင့် အာဟာရကြောင့်ဖြစ်သည်ဟု ဆိုကြသည်။ ကံဟူသည်မှာ အလုပ်ဖြစ်သည်။ အတိတ်ဘဝနှင့် ယခုဘဝ လုပ်ခဲ့သောအလုပ်သည် ကောင်းခဲ့လျှင် အကျိုးပေးကောင်းမည်။ ကံကောင်းမည်။ ကံကောင်းလျှင် ယခုဘဝတွင် အသက်ရှည်ရှည် နေနိုင်ကြ၏။ ကံမကောင်းလျှင် အသက်တိုနိုင်၏။

ထို့အတူ စိတ်သည်လည်း အသက်ရှည်အောင် နေထိုင်ရာတွင် အရေးကြီးသည်။ လောဘ၊ ဒေါသ၊ မောဟစိတ်ပြင်းထန်လွန်းလျှင် အသက်တို၏။ ဥတုမှာလည်း အလားတူပင်။ ဥတုရာသီနှင့် လိုက်လျောညီထွေစွာနေထိုင်မှုမရှိလျှင် အသက်တိုနိုင်၏။ မျှတသည့်အာဟာရဖြစ်အောင် စားသုံးခြင်းမရှိလျှင်လည်း အသက်တိုစေနိုင်၏။

တစ်ရံရောအခါက လောဘ၊ ဒေါသ၊ မောဟနှင့်ကင်းအောင်နေသည့် အဘိုးအိုတစ်ဦးရှိသည်။ တစ်နေ့တွင် ထိုအဘိုးအို၏အိမ်ကို ဓားပြများဝင်တိုက်ကြသည်။ အဘိုးအိုမှာ မျက်စိနှင့်နားများ မကောင်းတော့။ အဘိုးအိုက ဓားပြတိုက်မှုဖြစ်ပွားနေစဉ် ခြင်ထောင်ထဲမှထွက်လာပြီး ဘာဖြစ်နေကြတာလဲဟု သားဖြစ်သူအား မေးသည်။ သားဖြစ်သူလည်း အိမ်ကိုဓားပြတိုက်နေကြောင်းပြောသည်။ ထိုအခါ အဘိုးအိုက "ဟေ့ ဓားပြတွေ လူကိုမုန်းလျှင် တစ်အိမ်လုံးသာ သတ်သွားကြကွ၊ ပစ္စည်းယူလိုက ရှိတဲ့ဟာတစ်ခုမျှ ချန်မထားနဲ့ အကုန်သာယူသွားကြ"ဟု ပြောသည်။ အဘိုးအိုလည်း ပြောပြီး ခြင်ထောင်ထဲ ပြန်ဝင်အိပ်နေလိုက်သည်။ နောင်သောအခါ ထိုအဘိုးအိုသည် အသက် ၁၀၃ နှစ်ကျော် နေထိုင်ခဲ့ရကြောင်း သိရသည်။ အဘိုးအိုသည် လောဘ၊ ဒေါသ၊ မောဟကင်းအောင်နေခြင်းကို ပြသလိုက်ခြင်းဖြစ်သည်။

ယနေ့ မျက်မှောက်ခေတ်တွင် သေဆုံးမှုအမြန်ဆုံးရောဂါတစ်မျိုးမှာ Heart Attack လို့ခေါ်သည့် ရုတ်တရက်နှလုံးဖောက်ပြန်မှုရောဂါ ဖြစ်သည်။ ယင်းကဲ့သို့ နှလုံးရုတ်တရက်ဖောက်ပြန်သေခြင်းသည် စိတ်လှုပ်ရှားဖွယ်ရာကိစ္စများ ရုတ်တရက်ကြုံရခြင်းကြောင့်ဖြစ်သည်။ အတတ်နိုင်ဆုံး စိတ်ကိုအေးအေးထားခြင်းသည် နှလုံးရောဂါအခံရှိသူများအတွက် အကောင်းဆုံးဖြစ်သည်။ စိတ်ပျိုကိုယ်နုဆိုသည့်စကားကဲ့သို့ စိတ်ကိုအေးအေးထားခြင်းသည် အသက်ရှည်ခြင်းနည်းလမ်းကောင်းတစ်ခုဖြစ်၏။

တစ်ဖန် ခန္ဓာကိုယ်ကို နွေးနွေးထွေးထွေးနေထိုင်ခြင်းသည်လည်း အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ခန္ဓာကိုယ်မှ ချွေးများထွက်လျှင် နေလို့ထိုင်လို့ကောင်းသည်ကို လူတိုင်းသတိပြုကြပေလိမ့်မည်။ ခန္ဓာကိုယ်ကို နွေးနွေးထွေးထွေးနေသင့်သည်။ မြန်မာပြည်တွင် လူသိများကျော်ကြားသည့် သက်တော်ရှည် ရွှေဟင်္သာဆရာတော်ကြီး၏ အသက်ရှည်နည်းလမ်းတစ်ရပ်မှာ ခန္ဓာကိုယ်ကို နွေးနွေးထွေးထွေးဖြစ်အောင် ထားရှိနေထိုင်ခြင်းပင်ဖြစ်၏။ ဆရာတော်၏ ကျန်းမာအောင်နေထိုင်နည်း နောက်တစ်ရပ်မှာ နံနက်မိုးလင်းလျှင် မျက်နှာကို အရင်သစ်ခြင်း၊ မျက်နှာသစ်ပြီးမှ သွားကိုတိုက်ခြင်းဖြစ်သည်။ မျက်နှာကိုသစ်ပြီးမှ သွားကိုတိုက်ခြင်းသည် သွားမကျိုးနိုင်ဟု ဆိုသည်။ အပူဓာတ်များ မျက်နှာမှထွက်သွားသဖြင့် သွားဖုံးတွင် အပူမစုနိုင်၍ သွားကျိုးမှုနည်းစေခြင်းဖြစ်သည်။

သို့ဖြစ်ရာ အသက်ရှည်လိုသူများအနေဖြင့် ကံ၊ စိတ်၊ ဥတုနှင့် အာဟာရ၏ သဘောကို နားလည်သိမြင်ပြီး အလေးထား လေ့ကျင့်နေထိုင်သွားပါက ရောဂါဘေး ကင်းဝေးကာ အသက်ရှည်ရာ အနာမဲ့ခြင်း အကျိုးတရားများကို ရရှိခံစားနိုင်ကြမည် ဖြစ်ပါကြောင်း။ ။

လွတ်လပ်ရေးနေ့ အခမ်းအနား ပင်လောင်း၌ကျင်းပ

ပင်လောင်း ဇန်နဝါရီ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က မြို့မလွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်က ဖတ်ကြားသည်။ ဆက်လက်၍ လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့်မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီကကျင်းပရာ ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးဦးကျော်နိုင်ထွန်းက အမှာစကားပြောကြားပြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ရဲမှူး(ဦးစီး) ရဲမှူးနေဝင်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် World Vision လူမှုရေးအသင်းတာဝန်ခံဦးစိုးသန်းကတက်ရောက်လာသူများ၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးချက်ကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (ဝ၈၁)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟိုမိန်း၌ဟောပြော

ဟိုမိန်း ဇန်နဝါရီ ၉

လင်းခေးခရိုင် ဟိုမိန်းမြို့နယ်ခွဲတွင် မော်တော်ယာဉ်များနှင့်မော်တော်ဆိုင်ကယ် မောင်းနှင်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၇ ရက်က ဟိုမိန်းမြို့ ဝိသုဒ္ဓိဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလွင်က ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဟောပြော

ဟောပြောပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲအုပ်ယဉ်အေးကယာဉ်မောင်းသူ၊ ယာဉ်နောက်လိုက်၊မော်တော်ဆိုင်ကယ်စီးသူများ အန္တရာယ်ဖြစ်မှုလျော့နည်းပပျောက်ရေးကိုလည်းကောင်း၊အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစံအောင်က ယာဉ်အန္တရာယ် ကင်းရှင်းရေးကို ရှမ်းဘာသာဖြင့်လည်းကောင်းဟောပြောခဲ့ကြကြောင်း သိရှိရသည်။(မြို့နယ်ပြန်/ဆက်)

ကျေးလက်ကျန်းမာရေး ဆေးခန်းဖွင့်

ဝါးခယ်မ ဇန်နဝါရီ ၉

ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဆေးခန်းဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက အဆိုပါဆေးခန်းရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးထွန်း၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကိုကိုအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)

အဆိုပါဆေးခန်းကို ဧရာဝတီတိုင်းဒေသကြီးအစိုးရက ထောက်ပံ့ငွေကျပ် သိန်း ၃၀၊ ပြည်သူများထည့်ဝင်ငွေကျပ် ၃၉သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (၁၃၉)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဝမ်းတွင်းမြို့၌ တောင်သူများ စမ်းသပ်စိုက်ခင်းများလေ့လာ

ဝမ်းတွင်း ဇန်နဝါရီ ၉

မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ ပြင်ဦးလွင်ခရိုင်နှင့် မိတ္ထီလာခရိုင်တို့မှ လယ်သမား ၂၁၁ ဦးနှင့် ဝန်ထမ်း ၃၄ ဦးတို့သည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း ရွှေတောင်ခြံတွင်စိုက်ပျိုးထားသော စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်း၊ စပ်မျိုးစပါးစိုက်ပျိုးခြင်း၊ စပ်မျိုးနေကြာထုတ်လုပ်ခြင်း၊ အစေ့ထုတ်ပြောင်းစပ်မျိုး စိုက်ပျိုးခြင်းနှင့် ငွေချည်(၆) ချည်မျှင်ရှည်ဝါ စမ်းသပ်စိုက်ခင်းများကို သွားရောက်လေ့လာခဲ့ကြသည်။ လေ့လာကြည့်ရှုကြသော တောင်သူလယ်သမားများအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးနိုင်ကြည်ဝင်းနှင့် မန္တလေးတိုင်းဒေသကြီးမှ ဒုတိယတိုင်းဒေသကြီး မန်နေဂျာ ဦးခင်မောင်လေးတို့က ရှင်းလင်းပြသကြသည်။

ထို့အပြင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးမြင့်သန်းက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။ မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၁-၂၀၁၂ နွေစပါးရာသီမှစတင်ကာ စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (အောက်ပုံ) (စိုက်ပျိုးရေး)

ရမည်းသင်းမြို့နယ်၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော

ရမည်းသင်း ဇန်နဝါရီ ၉

ရမည်းသင်းမြို့နယ် ဆူးတပ်အုပ်ဖိုကျေးရွာနှင့် ဆည်ကြီးညောင်အိုင်ကျေးရွာများရှိ သက်ကြီးရွယ်အိုများနှင့် ကျေးရွာပြည်သူများအား ကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် လူနာ ၉၄ ဦးအား အခမဲ့ဆေးဝါးကုသပေးခြင်းများ ပြုလုပ်ပေးပြီးနောက် ယင်းလုံအိမ်သာခွက်နှင့်ပိုက်များကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်း၊ ကျန်းမာရေးတာဝန်ခံဒေါက်တာမြင့်မြင့်မော်နှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်နေ့များက ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (၄၀၆)

တာမိုးညဲမြို့ အထက ပညာရေးစုံညီပွဲတော် ကျင်းပ

တာမိုးညဲ ဇန်နဝါရီ ၉

တာမိုးညဲမြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက တာမိုးညဲမြို့နယ်ခွဲ မုန်းဝန်း ယဉ်ကျေးမှုခန်းမ၌ ကျင်းပရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မြအေးနှင့် ကျောင်းအကျိုးတော်ဆောင် နာယက ဦးလှခင်တို့က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖျော်ဖြေတင်ဆက်

ဆက်လက်၍ မုန်းဝန်းယဉ်ကျေးမှုအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် အလှူရှင်တို့က ပညာရည်ချွန်ဆုရကျောင်းသား ကျောင်းသူများ၊ အားကစားထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ငွေကျပ် ၁၄ သိန်းတန်ဖိုးရှိ ဆုများနှင့်ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူလေးများက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၄ဝ)

ဓနုဖြူ၌ မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်

ဓနုဖြူ ဇန်နဝါရီ ၉

ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းဇန်နဝါရီ ၈ ရက်က မီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့မဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှဝန်ထမ်းများ သရုပ်ပြလေ့ကျင့်ခြင်းနှင့်မီးဘေးကာကွယ်ရေးပစ္စည်းများ၊ မီးသတ်ရေလှောင်ကန်များ၊ မီးသတ်စက်များကြံ့ခိုင်မှုအခြေအနေများ စစ်ဆေးခြင်းတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်၊ အမှုဆောင်အရာရှိဦးဌေးလှိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲနိုင်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှူးနှင့် ရပ်မိရပ်ဖများ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ဇန်နဝါရီ ၃ ရက်က လှိုင်သာယာမြို့နယ် အလက(၉)တွင် ၂၀၁၁-၂၀၁၂ခုနှစ် ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ဌေးမြင့်က ပညာရည်ချွန်ဆုပေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (ဝ၃၃)

ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင်ပါရှိရေး

လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ် (၄၈) နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ၁-၄-၂၀၁၂ရက် (တနင်္ဂနွေ)နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မူလမဲစာရင်းကိုအခြေခံပြီး နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသော တိကျမှန်ကန်သည့် မဲစာရင်းများကို ပြုစုလျက်ရှိကြပါသည်။

ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူ၊ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသည်။

ထို့ကြောင့် ဥပဒေပါ သတ်မှတ်ထားသည့်အရည်အချင်းများနှင့်ပြည့်စုံပါက သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်ခွင့်ရှိပါသဖြင့် မဲစာရင်းပြုစုရာတွင် မိမိအမည်မဲစာရင်း၌ ပါရှိစေရေးအတွက် ပြည်သူများအနေဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေး နှိုးဆော်အပ်ပါသည်။

ပါတီများအနေဖြင့်လည်း မိမိတို့စည်းရုံးထားသည့် မဲဆန္ဒရှင်များ၏ အမည်များကို သက်ဆိုင်ရာ မဲစာရင်းတွင်ပါရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် သိရှိလိုက်နာရန်အချက်များ

လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် (၁၆-၁-၂၀၁၂)ရက်မှ (၃၁-၁-၂၀၁၂)ရက်အတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းနိုင်ကြပြီဖြစ်ရာ ဥပဒေအရ သိရှိလိုက်နာရမည့်အချက်များကို အောက်ပါအတိုင်း အသိပေးနှိုးဆော်လိုက်ပါသည်-

(က) သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ အရ သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသော နိုင်ငံသားများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိပါသည်။

(ခ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀နှင့်ငြိစွန်းနေသော ပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေရပါ။

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိမိဝင်ရောက်ယှဉ်ပြိုင်လိုသည့် မဲဆန္ဒနယ်နှင့်အကျုံးဝင်သည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာခရိုင် (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ၌ စာရင်းသွင်းရပါမည်။ [နည်း ၁၈ (က)]

(ဃ) ရွေးကောက်ပွဲဝင်ခွင့် မှတ်ပုံတင်ကြေးကို မိမိအမည်စာရင်းတင်သွင်းရမည့် ကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းရမည်ဖြစ်ပြီး ငွေစာရင်းအမှတ်မှာ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ငွေစာရင်းအမှတ်ဖြစ်သည်။ [နည်း ၁၈ (ဂ)]

(င) လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် ပါရှိရမည့်စာရွက်စာတမ်းများမှာ-

(၁) လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာပုံစံ (၆) မူရင်းနှစ်စုံ(တရားသူကြီးရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသည့် လက်မှတ်မှန်ကန်ကြောင်း သက်သေခံစာအပါအဝင်)၊

(၂) ကော်မရှင်က သတ်မှတ်သည့်အတိုင်း ပြုစုထားသည့် ကိုယ်ရေးမှတ်တမ်း နှစ်စောင်၊

(၃) ရွေးကောက်ပွဲဝင်ခွင့် မှတ်ပုံတင်ကြေး ပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်းမူရင်း၊

(၄) နိုင်ငံသားဖြစ်ကြောင်း သက်သေခံအထောက်အထားနှင့်

(၅) ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူ တစ်ဦးကိုဖြစ်စေ ခန့်ထားကြောင်း ပုံစံ(၇) သို့မဟုတ် ပုံစံ(၇-က) နှစ်စောင်တို့ ဖြစ်ပါသည်။

မှတ်ချက်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မဲဆန္ဒနယ်တစ်နယ်ထက်ပို၍ တစ်ပြိုင်တည်း အမည်စာရင်း တင်သွင်းခွင့် မရှိပါ။ [နည်း ၁၈(ဂ)]

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell နှင့် အမေရိကန်နိုင်ငံ လူကုန်ကူးမှု စောင့်ကြည့်တိုက်ဖျက်ရေးရုံးမှ သံအမတ်ကြီး Mr. CdeBaca ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား သံအမတ်ကြီး Mr. Derek Mitchell သံအမတ်ကြီး Mr. CdeBaca နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell နှင့် အမေရိကန်နိုင်ငံ လူကုန်ကူးမှု စောင့်ကြည့်တိုက်ဖျက်ရေးရုံးမှ သံအမတ်ကြီး Mr. CdeBaca ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီခွဲတွင် ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံမှု မြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ရန်ကုန်မြို့ အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston နှင့်အဖွဲ့ဝင်များလည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချီးမြှင့်

ရန်ကင်းမြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း၌ ၂၀၁၀-၂၀၁၁ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂ ရက်ကကျင်းပရာ မြို့နယ်သချ်ာစွမ်းရည်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော မောင်ဖြိုးဝေယံလင်းဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေး ဆုချီးမြှင့်စဉ်။ (၀၄၃)

သံအမတ်ကြီး Mr. Derek Mitchellနှင့် သံအမတ်ကြီး Mr. CdeBaca တို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

အလုပ်သမားဝန်ကြီးဌာနနှင့်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်မူဝါဒရေးရာညှိနှိုင်းရေးမှူး သံအမတ်ကြီး Mr. Derek Mitchell နှင့် အမေရိကန်နိုင်ငံ လူကုန်ကူးမှုစောင့်ကြည့်တိုက်ဖျက်ရေးရုံးမှ သံအမတ်ကြီး Mr. CdeBaca တို့သည် ယနေ့ ညနေ ၅ နာရီ မိနစ် ၅၀တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်း၍ ဗဟိုအဖွဲ့ ဖွဲ့စည်းထားသည့် အခြေအနေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လူကုန်ကူးခံရသူများအား စောင့်ရှောက်ပေးနေမှုများကိုလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် ILO နှင့် ပူးပေါင်းဆောင်ရွက်နေသည့် တိုးတက်ဖြစ်ပေါ်မှုများကိုလည်းကောင်း၊ အလုပ်သမားရေးရာဥပဒေ(အသစ်)များ ပြုစုရေးဆွဲနေမှုများ၊ အလုပ်သမားအဖွဲ့အစည်း နည်းဥပဒေမူကြမ်းရေးဆွဲပြီးစီးမှုနှင့် အလုပ်သမားအဖွဲ့အစည်း ဥပဒေအာဏာသက်ရောက်နိုင်မှု အခြေအနေတို့ကိုလည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွား ဘဝ တိုးတက်မြင့်မားရေးတို့အတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြား တော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	အဆိုပြိုင်ပွဲ
၈း၃၀	၉။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၅	၃။	အကပြိုင်ပွဲ
၄း၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅း၀၀	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅	၆။	ကြေးမုံရိပ်သွင် တေးနုယဉ်
၅း၁၅	၇။	**အလျော်အစား**
၅း၃၀	၈။	**ဆိုင်ကလုန်းမုန်တိုင်း ''သိမ်း'' ဖြစ်စဉ်သုံးသပ်ချက်နှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ မိုးလေဝသအခြေအနေ**
၅း၄၅	၉။	ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅	၁၃။	ဆိုလိုက်ကြစို့
၇း၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** ဒုတိယတွဲ (အပိုင်း-၃၃)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**ချိုမြိန်ရသာ မုန့်ကမ္ဘာ**
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **မွေးစားသား** (အပိုင်း-၁၆)
	၂၀။	အိန္ဒိယရုပ်ရှင် **မော်ကွန်းတင်တဲ့ ပိန်းဒါးစစ်သည်** (အပိုင်း-၂)
	၂၁။	အစီအစဉ်ပြီး၏။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အီရန်-တူရကီဆက်ဆံရေး နှစ်ပေါင်း ၄၀၀ အတွင်း အမြင့်ဆုံးအဆင့်သို့ရောက်ရှိ

တူရကီနှင့်အီရန် နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံစဉ်။

တီဟီရန် ဇန်နဝါရီ ၉

အီရန်နှင့် တူရကီနှစ်နိုင်ငံဆက်ဆံရေးမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀ အတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒါဗူတိုလူက ပြောကြားလိုက်သည်။

ဧည့်သည်တော် တူရကီနိုင်ငံခြားရေးဝန်ကြီးသည် အီရန်တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံဆွေးနွေးရန် တီဟီရန်သို့ ယခုရက်သတ္တပတ်အစောပိုင်းက ရောက်ရှိနေခြင်းဖြစ်သည်။

နှစ်နိုင်ငံအစိုးရများအကြား နွေးထွေးစွာဆက်ဆံနိုင်ခြင်းကို သူကချီးကျူးပြောဆိုပြီး အိမ်နီးချင်းနှစ်နိုင်ငံအကြား ယခုထက်ဆက်ဆံရေးတိုးမြှင့်သွားရန်လည်း ၎င်းကတိုက်တွန်းလိုက်သည်။ မိမိတို့နှစ်နိုင်ငံအကြား သဘောထားကွဲလွဲမှုအချို့ရှိသော်လည်း အီရန်မိတ်ဆွေများနှင့်ပွင့်လင်းစွာ ဆွေးနွေးအဖြေရှာသည်ဟုလည်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

ပါလက်စတိုင်းဖတာနှင့် ဟားမတ်စ်အုပ်စုတို့ အကျဉ်းသားများ ဖလှယ်ရန် သဘောတူညီ

ဂါဇာစီးတီး ဇန်နဝါရီ ၉

ပါလက်စတိုင်းဟားမတ်စ်အုပ်စုနှင့် ဖတာအုပ်စုတို့ ဂါဇာစီးတီး၌ လောလောဆယ် ပြန်လည်ရင်ကြားစေ့ရေး ဆွေးနွေးပွဲများပြုလုပ်စဉ် အကျဉ်းသားများ ဖလှယ်ရေးအတွက် သဘောတူညီမှုရရှိသွားပြီဖြစ်ကြောင်း ဇန်နဝါရီ ၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

တွေ့ဆုံခဲ့ကြ

အကျဉ်းသားများအား ဖလှယ်ရန် ဇန်နဝါရီ ၈ရက်က ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်မေလအတွင်းက အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ လက်မှတ်ရေးထိုးခဲ့သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးစာချုပ် အမြန်အကောင်အထည်ဖော်ရေးအတွက် ဖတာနှင့် ဟားမတ်စ်အုပ်စုကိုယ်စားလှယ်များ ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်းက ဂါဇာ၌ အကြိမ်ကြိမ်တွေ့ဆုံခဲ့ကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

ပင်လယ်ဓားပြသင်္ဘောအား ဒိန်းမတ်ရေတပ် လက်ရဖမ်းဆီးမိ

ကိုပင်ဟေဂင် ဇန်နဝါရီ ၉

ပင်လယ်ဓားပြများ၏ အဓိကသင်္ဘောဟု ယူဆဖွယ်ရှိသည့် သင်္ဘောတစ်စင်းကို အာဖရိကရေပြင်တွင် လက်ရဖမ်းမိကြောင်း၊ ထိုယာဉ်ပေါ်ရှိ ဓားစာခံအဖြစ်ဖမ်းဆီးခံထားရသူ လူ ၁၄ ဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း ဒိန်းမတ်ရေတပ်က ဇန်နဝါရီ ၈ ရက်၌ ပြောကြားခဲ့သည်။

နေတိုး၏ ပင်လယ်ဓားပြရန်ကာကွယ်ရေးတပ်ဖွဲ့တွင် ပါဝင်သည့် ဒိန်းမတ်စစ်သင်္ဘောအယ်ဆဲလ်လွန် **(အောက်ပုံ)**နှင့် အထက်ပါသင်္ဘောတို့သည် ဇန်နဝါရီ ၈ ရက်က ပက်ပင်းဆုံမိခဲ့ခြင်းဖြစ်ပြီး ဒိန်းမတ်ရေတပ် တပ်ဖွဲ့ဝင်များက ၎င်းသင်္ဘောပေါ်သို့ တက်ရောက်စီးနင်းလိုက်ခြင်းဖြစ်သည်။

ထိုသင်္ဘောပေါ်လိုက်ပါလာသူများမှ ဓားစာခံ ၁၄ ဦးအား ကယ်ဆယ်ခဲ့ပြီး ပင်လယ်ဓားပြများဖြစ်နိုင်သူ ၂၅ ဦးကို ဖမ်းဆီးနိုင်ခဲ့သည်။ ယခုဓားစာခံများသည် တံငါသည်ရေလုပ်သားများဖြစ်ကြောင်း၊ ထိုသူတို့ကို ဖမ်းဆီးထားသည်မှာ နှစ်လနီးပါးခန့်ရှိပြီဖြစ်ပြီး သူတို့၏ ငါးဖမ်းရေယာဉ်များကိုလည်း ပင်လယ်ဓားပြများ အပိုင်သိမ်းကာ အသုံးပြုနေခဲ့ကြောင်း ရေတပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းဌာနသို့ ပြောကြားခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

လနှင့်ဂျူပီတာဂြိုဟ်အနီး နိုင်ငံတကာအာကာသယာဉ်စခန်း ဖြတ်သန်းခဲ့



ဟူစတန် ဇန်နဝါရီ ၉

အာကာသတွင် လွင့်မျောနေသော နိုင်ငံတကာအာကာသယာဉ်စခန်းသည် လနှင့်ဂျူပီတာဂြိုဟ်အနီး ဖြတ်သန်းသွားကြောင်း နာဆာ အာကာသရေးရာ စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ရိုက်ယူခဲ့သောဓာတ်ပုံများကိုဖော်ပြပြီး ဇန်နဝါရီ ၉ ရက်၌ သတင်းထုတ်ပြန်သည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်မြို့ရှိ ဂျွန်ဆင် အာကာသစင်တာမှ ဓာတ်ပုံပညာရှင် လောရင့်ဟာနက်က ရိုက်ယူထားသော ဓာတ်ပုံများဖြစ်သည်။ ယင်းဓာတ်ပုံများတွင် လ၏အနီးသို့ နိုင်ငံတကာ အာကာသယာဉ်စခန်း ဖြတ်သန်းနေပုံများ ပါရှိသည်။ (ဝဲပုံ)

ဘောလုံးကွင်းတစ်ကွင်းအရွယ်အစားမျှရှိသော နိုင်ငံတကာအာကာသယာဉ်စခန်းတွင် လက်ရှိအချိန်၌ ရုရှားအာကာသယာဉ်မှူးသုံးဦး၊ အမေရိကန်အာကာသယာဉ်မှူး နှစ်ဦးနှင့် ဒတ်ချ်နိုင်ငံသား အာကာသယာဉ်မှူးတစ်ဦးတို့ တာဝန်ထမ်းဆောင်နေထိုင်လျက်ရှိသည်။ ထို့အတူ ဖလော်ရီဒါပြည်နယ်အလယ်ပိုင်းရှိ အာကာသစင်တာမှ အာကာသရေးရာဓာတ်ပုံပညာရှင် မိုက်ကီလ်လိန်းကလည်း ဂျူပီတာဂြိုဟ်အနီးသို့ နိုင်ငံတကာအာကာသယာဉ်စခန်း ဖြတ်သန်းနေမှုကို ဓာတ်ပုံရယူနိုင်ခဲ့သည်။ ဂျူပီတာဂြိုဟ်အနီးမှ နိုင်ငံတကာအာကာသယာဉ်စခန်း ဖြတ်သန်းချိန်မှာ ခြောက်မိနစ်ခန့်သာကြာကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ယူအေအီးနှင့်ဗီယက်နမ် လေကြောင်းခရီးစဉ် တိုက်ရိုက်ပျံသန်းမည်

ဒူဘိုင်းလ် ဇန်နဝါရီ ၉

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)မှ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့သို့ လာမည့် ဇွန် ၄ ရက်မှစတင်ကာ လေကြောင်းခရီးစဉ်တိုက်ရိုက်ပျံသန်းမှု စတင်မည်ဖြစ်ကြောင်း အီးမရိတ်လေကြောင်းလိုင်းမှ ဇန်နဝါရီ ၉ ရက်၌ သတင်းထုတ်ပြန်သည်။

စီစဉ်ထား

ယူအေအီးနိုင်ငံ ဒူဘိုင်းလ်နိုင်ငံတကာလေဆိပ်မှ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ တန်ဆန်နက်နိုင်ငံတကာလေဆိပ်သို့ နေ့စဉ်ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။ အီးမရိတ်လေကြောင်းလိုင်းမှ လောလောဆယ်တွင် ခရီးသည် ၂၇၈ ဦးလိုက်ပါနိုင်သည့် အေ-၃၃၀-၂၀၀ ခရီးသည်တင်လေယာဉ်များဖြင့် အဆိုပါခရီးစဉ်အား ပျံသန်းပြေးဆွဲမည်ဖြစ်သည်။ အောက်တိုဘာ ၂၈ ရက်မှစတင်ကာ ဘီ-၇၇၇-၃၀၀အီးအာရ် လေယာဉ်ကြီးများဖြင့် အစားထိုးပျံသန်းသွားရန် စီစဉ်ထားသည်။

ယင်းခရီးသည်တင်လေယာဉ်သည် ဒူဘိုင်းလ်နိုင်ငံတကာလေဆိပ်မှ နေ့စဉ် နံနက် ၉ နာရီ ၂၅ မိနစ်၌ ထွက်ခွာပြီး တန်ဆန်နက်နိုင်ငံတကာလေဆိပ်သို့ ယင်းနေ့ ၁၉ နာရီ မိနစ် ၂၀ ၌ ဆိုက်ရောက်မည်ဖြစ်သည်။ ထို့အတူ တန်ဆန်နက်နိုင်ငံတကာလေဆိပ်မှ ၂၀ နာရီ မိနစ် ၅၀ ၌ ထွက်ခွာပြီး ဒူဘိုင်းလ်လေဆိပ်သို့ နောက်နေ့နံနက် ၀၀ နာရီ ၄၅ မိနစ်၌ ဆိုက်ရောက်မည်ဖြစ်သည်။ **(အင်တာနက်)**

တိုကျိုမြို့၌ လေလံတင်သည့်တူနာငါး အမေရိကန်ဒေါ်လာ ၇၄၀၀၀၀ ရရှိခဲ့

တိုကျို ဇန်နဝါရီ ၉

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အပြာရောင် ရေယက်များပါရှိသော တူနာငါးတစ်ကောင်ကို ဇန်နဝါရီ ၉ ရက်က လေလံတင်ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၇၄၀၀၀၀ ရရှိခဲ့ကြောင်း သတင်း၌ ထုတ်ပြန်ခဲ့သည်။

ငွေကြေးစံချိန်တင်ရရှိ

အဆိုပါတူနာငါး လေလံတင်ရောင်းချမှုကို တိုကျိုမြို့ မက်ထရိုပိုလီတန်စင်ထရယ်မားကတ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းတူနာငါးသည် အလေးချိန် ပေါင် ၆၀ ခန့်ရှိရာ တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁၂၃၈ ဒေါ်လာခန့် တန်ဖိုးရှိခဲ့သည်။ ၎င်းတူနာငါးကို ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းကမ်းလွန်မှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ယခုနှစ်အတွက် ငွေကြေးစံချိန်တင်ရရှိခဲ့သည့် တူနာငါးလည်းဖြစ်သည်။

ယခင်က ဈေးအမြင့်ဆုံးရရှိခဲ့သည့် တူနာငါးမှာ ၂၀၁၁ ခုနှစ်က တိုကျိုမြို့တွင် လေလံတင်ရောင်းချခဲ့သည့် အမေရိကန်ဒေါ်လာ ၇၃၆၀၀၀ ရရှိသော တူနာငါးမျိုးဖြစ်သည်။ ယခုအပြာရောင် ရေယက်များပါရှိသည့် တူနာငါးရောင်းချမှုကို ငွေကြေးအမြင့်ဆုံးရရှိခြင်းအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ (၉-၁-၂၀၁၂)

>> တင်မောင်လွင် - စုစည်းသည် <<

လက်တင်အမေရိကနိုင်ငံများသို့ အီရန်သမ္မတ ချစ်ကြည်ရေးခရီးသွားရောက်

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်သည် လက်တင်အမေရိကနိုင်ငံများသို့ လေးနိုင်ငံချစ်ကြည်ရေးခရီးစဉ်တစ်ခုအား ဇန်နဝါရီ ၆ ရက်က စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အလီအာဘာဆေလ်ဟီ ပြောကြားချက်အား ဒေသတွင်းရုပ်မြင်သံကြားသတင်းဌာနက ထုတ်လွှင့်ခဲ့သည်။

အီရန်သမ္မတသည် ၎င်း၏ချစ်ကြည်ရေးခရီးစဉ်တွင် ဗင်နီဇွဲလား၊ နီကာရာဂွါ၊ ကျူးဘားနှင့် အီကွေဒေါနိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း ဝန်ကြီးဆေလ်ဟီက ပြောကြားခဲ့သည်။ ချစ်ကြည်ရေးခရီးစဉ်အတွင်း အီရန်သမ္မတအနေဖြင့် ကမ္ဘာ့တစ်ဝန်းဖွံ့ဖြိုးတိုးတက်မှုများနှင့်ဒေသတွင်း စိတ်ဝင်စားဖွယ်ရာ အကြောင်းကိစ္စများကို လေးနိုင်ငံရှိ နိုင်ငံအကြီးအကဲများနှင့် နှစ်ဦးနှစ်ဖက်အပြန်အလှန်ဆွေးနွေးသွားရန်နှင့် အမြင်ချင်းဖလှယ်သွားရန် စီစဉ်ထားသည်ဟုဆိုသည်။

တာလီဘန်တပ်မှူး ကရာချိမြို့၌ အသတ်ခံရ

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိဆိပ်ကမ်းမြို့၌ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာလီဘန်အဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါကစ္စတန်တာလီဘန်တပ်မှူးတစ်ဦးကိုပစ်သတ်လိုက်ပြီး အပေါင်းပါတစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ဇန်နဝါရီ ၈ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယင်းသို့ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်ကြရာ၌ ရဲတပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း ကရာချိရာဇဝတ်မှုစုံစမ်းရေးဌာနကြီးမှူး ဖေယက်ခန်က ဇန်နဝါရီ ၇ ရက်တွင် ပြောကြားသည်။ တာလီဘန်တပ်မှူး စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်ကို ရဲတပ်ဖွဲ့ဝင်များက တားပြီးရပ်ခိုင်းစဉ် ရပ်မပေးဘဲ သေနတ်ဖြင့် ပစ်သဖြင့် အပြန်အလှန်ပစ်ခတ်ကြရာတွင် တာလီဘန်တပ်ဖွဲ့ဝင်များ ထိမှန်သေဆုံးသွားခဲ့သည်။ သေဆုံးသူသည် ကရာချိမြို့ လုပ်ကြံသတ်ဖြတ်မှုအများအပြားတွင် နောက်ကွယ်မှ ကြိုးကိုင်သူဖြစ်သည်။ ၂၀၀၉ ခုနှစ်အတွင်းပိုင်းမှစ၍ ပါကစ္စတန်၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုများပြားလာခဲ့သည်။

တောင်ဆူဒန်၌ ပဋိပက္ခကြောင့် လူ ၃၀၀၀ ခန့်သေဆုံး

တောင်ဆူဒန်နိုင်ငံအရှေ့ပိုင်း ဂျုံးလီပြည်နယ် ပီဘာစီရင်စုအတွင်း ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက လူမျိုးရေးပဋိပက္ခကြောင့် လူ ၃၀၀၀ ခန့် သေဆုံးကြောင်း တောင်ဆူဒန်ဒေသခံအရာရှိတစ်ဦးက ဇန်နဝါရီ ၇ ရက်က ပြောကြားသည်။ မိမိတို့စီရင်စုအတွင်းတွင် လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများရှိကြောင်း၊ သေဆုံးသူများ၏ အလောင်းများကို မိမိတို့ရေတွက်ကောက်ယူကြည့်ရာတွင် ယခုအထိ အမျိုးသမီးနှင့် ကလေးငယ် ၂၁၈၂ နှင့် အမျိုးသား ၉၅၉ ဦး သေဆုံးသည်ကို တွေ့ရကြောင်း ပီဘာစီရင်စုအုပ်ချုပ်ရေးမှူး ဂျိုရှုအာကွန်ရီက ပြောကြားသည်။ ထို့ပြင် ကလေးငယ်ထောင်ချီပျောက်ဆုံးနေပြီး ကျွဲ၊ နွားကောင်ရေ သောင်းချီအခိုးခံရကြောင်း ၎င်းက ပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ မြေပြိုမှုကြောင့် သေဆုံးသူ ၃၀ ရှိလာ

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ရွှေထွက်ရှိရာဒေသတွင် မကြာသေးမီက မြေပြိုမှုများဖြစ်ပွားပြီးနောက် ရှာဖွေမှုများဆက်လက်ဆောင်ရွက်ခဲ့ရာ သေဆုံးသူ ၃၀ အထိ ရှိသွားပြီဖြစ်ကြောင်း အရာရှိများက ဇန်နဝါရီ ၈ ရက်တွင် ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ပန်တူကန်မြို့နယ် နာပန်ကျေးရွာတွင် အဆိုပါမြေပြိုမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးအဖွဲ့များက မြေကြီးများဖုံးအုပ်လျက်ရှိသည့် ရုပ်အလောင်း ၃၀ အား တွေ့ရှိပြီး ပျောက်ဆုံးနေသူ ၄၄ ဦးအတွက်လည်း ဆက်လက်ရှာဖွေဆဲဖြစ်ကြောင်း မင်ဒန်ကိုပြည်နယ်အုပ်ချုပ်ရေးမှူး အာသူရိုယူက ပြောကြားသည်။ ဇန်နဝါရီ ၈ ရက်က သေဆုံးသူရုပ်အလောင်းသုံးလောင်းအား ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ နောက်သုံးရက်အထိ ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်း အာသူရိုက ဆက်လက်ပြောကြားသည်။

အဆိုပါပျောက်ဆုံးသူများတွင် အသက်ရှင်ကျန်ရစ်သူများရှိနိုင်သည်ဟု မျှော်လင့်ရကြောင်း နိုင်ငံအတွင်းသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့်စီမံကွပ်ကဲရေးခေါင်းဆောင် ဘီနီကိုရာမို့စ်က ပြောကြားသည်။ (အင်တာနက်)

ပရိသတ်အားပေးမှုတွေရရှိနေတဲ့ တောင်ကိုရီးယားရုပ်ရှင်မင်းသမီးပက်ဂျင်ဟေး

ဆိုးလ် ဇန်နဝါရီ ၉

တောင်ကိုရီးယားနိုင်ငံတစ်ဝန်းမှာ ၂၀၁၁ ခုနှစ်က အမ်ဘီစီရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်ပြသခဲ့တဲ့ ဒရာမာဇာတ်ကား Heartstrings မှာ လီဂူဝမ်အဖြစ် သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်မင်းသမီး ပက်ဂျင်ဟေး **(ယာပုံ)** ဟာ ထင်ပေါ်ကျော်ကြားလာတဲ့ တောင်ကိုရီးယားရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်ပါတယ်။

အသက် ၂၁ နှစ်သာရှိသေးတဲ့ တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး ပက်ဂျင်ဟေးဟာ ရိုးသားဖြူစင်ပြီး ချစ်ခင်ဖွယ်ရာမျက်နှာကို ပိုင်ဆိုင်ထားသူမို့ ပရိသတ်အကြိုက်အမူအရာတွေနဲ့ သရုပ်ဆောင်ပြီး ပရိသတ် အားပေးမှုကို ရယူနိုင်သူတစ်ဦးလည်းဖြစ်ပါတယ်။

အနုပညာပါရမီရှိတဲ့ ပက်ဂျင်ဟေးဟာ သရုပ်ဆောင်သာမက အဆိုတော်၊ အက၊ ပန်းချီရေးဆွဲသူနဲ့ မော်ဒယ်အလုပ်တွေမှာပါ ပြောင်မြောက်ထူးချွန်စွာ လုပ်ကိုင်နိုင်သူ အနုပညာရှင်တစ်ဦးလည်းဖြစ်ပါတယ်။ သူမဟာ ၂၀၀၃ ခုနှစ်မှာ အက်စ်ဘီအက်စ် ရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်တဲ့ Stairway to Heaven ဇာတ်ကားမှာ စတင်ပါဝင်သရုပ်ဆောင်ခဲ့ရာက ပရိသတ်တွေ တစ်ခဲနက်အားပေးမှုကို ခံခဲ့ရသူဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ Ggot နဲ့ Dream Factory တေးဂီတဗီဒီယိုတွေ ရိုက်ကူးခဲ့ပြီး အဆိုတော်တစ်ဦးအဖြစ်လည်း ရပ်တည်ခဲ့ပါတယ်။ ဆက်လက်ပြီး Prayer အမည်ရှိ တေးသီချင်းကိုလည်း Stairway to Heaven ဇာတ်ကားထဲမှာ ကိုယ်တိုင်သီဆိုခဲ့သူဖြစ်ပါတယ်။

အောင်မြင်မှုရရှိ

ရုပ်ရှင်မင်းသမီး ပက်ဂျင်ဟေးဟာ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေဖြစ်တဲ့ Not Alone၊ Cute or Crazy၊ Seoul 1945၊ Tree of Heaven၊ Goong S၊ Kimcheed Badish Cubes၊ You're Beautiful၊ My Girlfriend is a Gumiho၊ Hayate the Combat Butler နဲ့ Heartstrings ဇာတ်ကားတွေကို ဆက်တိုက်ရိုက်ကူးခဲ့တာဟာ ကားတိုင်းအောင်မြင်မှုရရှိခဲ့ပါတယ်။

ဒါ့အပြင် ရုပ်ရှင်ကားတွေဖြစ်တဲ့ Love Phobia, Cyrano Agency, Green Days ကားတွေမှာလည်း ပရိသတ်တွေနှစ်သက်အားပေးမှုရရှိခဲ့ပါတယ်။ တေးဂီတ ဗီဒီယိုတွေဖြစ်တဲ့ Super Star, Call Me, Fake Love Song စတဲ့ ဗီဒီယိုတွေမှာလည်း အောင်မြင်မှုရရှိခဲ့သူဖြစ်ပါတယ်။

တောင်ကိုရီးယားရုပ်ရှင်မင်းသမီးပက်ဂျင်ဟေးဟာ လောလောဆယ်မှာ တောင်ကိုရီးယားနိုင်ငံ ချောင်အန်တက္ကသိုလ်မှ အနုပညာဘာသာရပ်အဓိကနဲ့ တက်ရောက်ပညာသင်ကြားနေသူဖြစ်ပြီး ယောကျ်ားလေးမိတ်ဆွေလည်း မရှိသေးသူတစ်ဦးဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ စုစည်းသည်

ပေါင် ၁၀ သန်းတန်အိမ်ဝယ်ရန် ကမ္ဘာကျော် ဟာသသရုပ်ဆောင် မစ္စတာဘင်းန် စီစဉ်နေ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၉

ကမ္ဘာကျော်ဟာသသရုပ်ဆောင် ရိုဝမ်အက်ကင်ဆန် (မစ္စတာဘင်းန်) **(ယာပုံ)** သည် အင်္ဂလန်နိုင်ငံအနောက်တောင်ပိုင်း ဒီဗွန်မြို့တောင်ဘက် ဆာလ်ကွန်ဘီအရပ်တွင် ရှိသော နေအိမ်တစ်လုံးကို ပေါင် ၁၀ သန်းဖြင့် ဝယ်ယူရန်စီစဉ်နေကြောင်း မစ္စတာဘင်းန်က ဇန်နဝါရီ ၉ ရက်၌ ထုတ်ဖော်ပြောကြားသည်။

အိပ်ခန်းငါးခန်းပါပြီး လူကုံထံများနေထိုင်သည့် အိမ်ခန်းဖွဲ့စည်းမှုများ၊ အနုပညာမြောက်သော အိမ်တွင်းအသုံးအဆောင်ပစ္စည်းများက မစ္စတာဘင်းန် စိတ်ဝင်စားစေသည့် အချက်များပင်ဖြစ်သည်။

အဆိုပါအိမ်ကို ရောဘတ်မက်ဒေါနယ်က တည်ဆောက်ပိုင်ဆိုင်နေထိုင်ခဲ့ခြင်းဖြစ်သည်။ ပင်လယ်၏အလှကို ခံစား၍ရသောမြင်ကွင်းကိုလည်း အိမ်ထဲမှာနေ၍ ကြည့်ရှုခံစားနိုင်သည်။ မစ္စတာဘင်းန်သည် လောလောဆယ်၌ ဇာတ်ကားသစ် လေးကားရိုက်ကူးရန်ရှိနေရာ ယင်းအိမ်အားဝယ်ယူရန် အမြန်ဆုံးစီစဉ်လျက်ရှိသည်။

မစ္စတာဘင်းန်သည် မှန်များကာရံပြီး စတီးလ်ပစ္စည်းများဖြင့် တည်ဆောက်ထားသော လန်ဒန်မြို့ရှိအိမ်တွင် နေထိုင်သော်လည်း ပင်လယ်ကမ်းခြေတွင် တည်ဆောက်ထားသော အိမ်များကို ပိုမိုနှစ်သက်သဖြင့် ဝယ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။အသက် ၅၇ နှစ်ရှိပြီဖြစ်သည့် မစ္စတာဘင်းန်သည် အင်္ဂလန်နိုင်ငံ နော့သမ်ပတန်ရှိုင်းယားမြို့၌ အိမ်တစ်လုံးနှင့် အင်္ဂလန်နိုင်ငံ ဟိုက်ဘူရီမြို့၌လည်း အိမ်တစ်လုံးပိုင်ဆိုင်ထားသည်။ မစ္စတာဘင်းန်သည် အိမ်နှင့်ကားကို နှစ်သက်သူတစ်ဦးဖြစ်သည်။ **(အင်တာနက်)**

၂၀၁၁ ခုနှစ် ကမ္ဘာ့အလှဆုံးအနုပညာရှင်များစာရင်းဝင် ဂျပန်ရုပ်ရှင်မင်းသမီး ကာဒီနာ

တိုကျို ဇန်နဝါရီ ၉

၂၀၁၂ ခုနှစ်အတွက် ကမ္ဘာ့အလှဆုံးအနုပညာရှင်အမျိုးသမီး ၁၀ ဦးစာရင်းကို ဇန်နဝါရီ ၉ ရက်က သတင်းထုတ်ပြန်ခဲ့ရာ ဂျပန်ရုပ်ရှင်မင်းသမီး ကာဒီနာ **(ဝဲပုံ)**လည်း ပါဝင်လာသည်။

ကမ္ဘာ့အလှဆုံးအနုပညာရှင်အမျိုးသမီး ၁၀ ဦးမှာ ဂျပန်ရုပ်ရှင်မင်းသမီး ကာဒီနာ၊ အမေရိကန်ရုပ်ရှင်မင်းသမီး ရီဘီကာအလီရိုမီ၊ ဆွီဒင်သရုပ်ဆောင်မင်းသမီး ပိုရက်ဇ်ကိုဗာ၊ ဟန်ဂေရီရုပ်ရှင်မင်းသမီး ဟာဂီတေး၊ ယူကရိန်းရုပ်ရှင်မင်းသမီး မီလာဂျိုဗိုဗစ်၊ ချက်သမ္မတနိုင်ငံမှ ရုပ်ရှင်မင်းသမီး ပီစတိုဗာ၊ နယူးဇီလန်မှ မော်ဒယ်သရုပ်ဆောင် ကိုင်လီဘတ်၊ တရုတ်ရုပ်ရှင်မင်းသမီး ကျန်ဇီယီ၊ ကနေဒါ ရုပ်ရှင်နှင့်မော်ဒယ် သရုပ်ဆောင် ဂလီဘိုဗာနှင့် ပြင်သစ်ရုပ်ရှင်မင်းသမီး ကာစတာတို့ ဖြစ်ကြသည်။

အသက် ၂၅ နှစ်အရွယ်သာရှိသည့် ဂျပန်ရုပ်ရှင်မင်းသမီး ကာဒီနာသည် မော်ဒယ်နှင့် သရုပ်ဆောင်တစ်ဦးဖြစ်ပြီး ၂၀၀၄ ခုနှစ်မှစတင်ကာ Tri Puru H ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ရုပ်ရှင်ကားပေါင်းများစွာ ရိုက်ကူးခဲ့ပြီးဖြစ်ရာ ၂၀၀၇ ခုနှစ်က ရိုက်ကူးခဲ့သော Dream Planet ဇာတ်ကား၌ အထူးအောင်မြင်ခဲ့သူဖြစ်သည်။ မကြာမီက ရိုက်ကူးခဲ့သော Kamen Rider ဇာတ်ကားမှာ ယခုအခါ ဂျပန်နိုင်ငံတစ်ဝန်း၌ ပြသလျက်ရှိသည်။ **(အင်တာနက်)**

● *ကျောဖုံးမှ*

ဘာစီလိုနာအတွက် တစ်လုံးတည်းသောဂိုးကို ဖာဘရီဂတ်စ်က ပထမပိုင်းပွဲချိန်အတွင်းမှာပင် သွင်းယူပေးခဲ့သည်။ ၎င်းသွင်းဂိုးသည် ယခုနှစ်ဘောလုံးရာသီ၌ ဘာစီလိုနာ၏ ၁၀၀ မြောက် ဂိုးလည်းဖြစ်သည်။ ပထမပိုင်းပွဲချိန်၌ ဘာစီလိုနာတို့ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

သို့သော် ဒုတိယပိုင်း ပွဲချိန်တွင် အက်စ်ပန်ညိုတို့က ချေပဂိုးရရှိရေး အဝင်အထွက်ရဲရဲဖြင့် ကြိုးစားခဲ့ရာ ဗက်ဇ်ကွက်ဇ်က ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးစီသရေဖြစ်နေခဲ့သည်။ ဘာစီလိုနာတို့ အနိုင်ဂိုးသွင်းယူနိုင်ရေး ထိုးဖောက်တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၉၂ မိနစ်၌ အက်စ်ပန်ညို ဂိုးဧရိယာအတွင်း လက်ထိဘောဖြစ်ခဲ့သော်လည်း ကွင်းလယ်ဒိုင်လူကြီးအယ်လ်ဗာရက်ဇ်က ပယ်နယ်တီမပေးခဲ့သဖြင့် ဘာစီလိုနာတို့ အခွင့်အရေးဆုံးရှုံးခဲ့ရသည်။

ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ပြီး တစ်မှတ်စီ ခွဲယူခဲ့ကြရသည်။ နောက်တစ်ပွဲဖြစ်သည့် ဗာလီကာနိုနှင့် ဆီဗီလာအသင်းတို့ပွဲတွင် ဗာလီကာနိုအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဗာလီကာနိုအသင်းအတွက် ဂိုးများကို ၄၆ မိနစ်၌ မီရူကတစ်ဂိုး၊ ၅၂ မိနစ်၌ တာမူဒိုကတစ်ဂိုး သွင်းယူခဲ့သည်။ ဆီဗီလာအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၆၂ မိနစ်၌ အက်စ်ကူဒီက သွင်းယူပေးခဲ့သည်။ တစ်ဖန်ဂီတာဖေးနှင့် ဘီလ်ဘာအိုတို့ပွဲတွင် ဂိုးမရှိသရေပွဲဖြစ်သွားခဲ့သည်။ ***(အင်တာနက်)***

ဒီဇင်ဘာလအတွက် ပရီမီယာလိဂ်အကောင်းဆုံးဆု နည်းပြ မာတင်အိုနေးနှင့် တိုက်စစ်မှူး ဒမ်ဘာဘာတို့ရရှိ

နည်းပြ မာတင်အိုနေး

တိုက်စစ်မှူး ဒမ်ဘာဘာ

လန်ဒန် ဇန်နဝါရီ ၉

ပြီးခဲ့သည့် ဒီဇင်ဘာလအတွက် ပရီမီယာလိဂ် တစ်လတာ အကောင်းဆုံးနည်းပြအဖြစ် ဆန်းဒါးလန်းနည်းပြ မာတင်အိုနေးကို ပရီမီယာလိဂ်ဘောလုံးအဖွဲ့ချုပ်က ရွေးချယ်လိုက်ကြောင်း ဇန်နဝါရီ ၉ ရက်၌ သတင်းထုတ်ပြန်သည်။

ထို့အတူ ဒီဇင်ဘာလအတွက် တစ်လတာပရီမီယာလိဂ် အကောင်းဆုံး ဘောလုံးသမားအဖြစ် နယူးကာဆယ်တိုက်စစ်မှူး ဒမ်ဘာဘာအား ရွေးချယ်လိုက်သည်။ ဆန်းဒါးလန်းနည်းပြ မာတင်အိုနေးသည် ဒီဇင်ဘာလအတွင်း နည်းပြသစ်အဖြစ် ဆန်းဒါးလန်းအသင်းကို စတင်တာဝန်ယူခဲ့ရာ ဘောလုံးပွဲလေးပွဲ၌ ခုနစ်မှတ်အထိရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။ မာတင်အိုနေးသည် ယခင်အက်စ်တွန်ဗီလာအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်က တစ်လတာ အကောင်းဆုံးနည်းပြအဖြစ် ရှစ်ကြိမ်ရွေးချယ်ခံခဲ့ရဖူးသည်။

အသက် ၂၆ နှစ်အရွယ်ရှိ နယူးကာဆယ်တိုက်စစ်မှူး ဒမ်ဘာဘာသည် ဒီဇင်ဘာလအတွင်း ဘောလုံးပွဲခြောက်ပွဲကစားခဲ့ရာ ငါးဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။ ပြီးခဲ့သည့် နွေရာသီ၌ ဝက်စ်ဟမ်းအသင်းမှ နယူးကာဆယ်အသင်းသို့ အလွတ်ပြောင်းရွှေ့မှုဖြင့် ရောက်ရှိလာသည့် ဒမ်ဘာဘာသည် ယခုနှစ်ဘောလုံးရာသီ၌ ဘောလုံးပွဲပေါင်း ၁၉ ပွဲတွင် ၁၅ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။ *(အင်တာနက်)*

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု မက်ဆီဆွတ်ခူးရန် ရေပန်းစား

➤ မြင့်မောင်စိုး – ရေးသားသည် ➤

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ရေပန်းစားနေသည့် မက်ဆီ

လန်ဒန် ဇန်နဝါရီ ၉

လီယိုနယ်မက်ဆီသည် ဇူးရစ်မြို့၌ချီးမြှင့်မည့် ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုဖြစ်သည့် Ballon d'Orဆုကို သုံးကြိမ်တိုင် ဆွတ်ခူးနိုင်သော ဘောလုံးသမားဖြစ်လာနိုင်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အာဂျင်တီးနား တိုက်စစ်မှူးမက်ဆီသည် စီရိုနယ်ဒိုနှင့် ဇာဗီတို့အပါအဝင် အဆိုပါဆုကိုဆွတ်ခူးရန် ပဏာမရွေးချယ်ခံထားရသူသုံးဦးအနက် တစ်ဦးဖြစ်သည်။

အသက် ၂၄ နှစ်ရှိ မက်ဆီသည် ယင်းဆုကို ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များတွင်လည်း ဆွတ်ခူးနိုင်ခဲ့ပြီးဖြစ်သည်။ အဆိုပါ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ပြင်သစ်မှ ဇီဒန်းနှင့် ဘရာဇီးမှ ရော်နယ်ဒိုတို့သည် သုံးကြိမ်တိုင် ဆွတ်ခူးခဲ့ကြဖူးသူများဖြစ်သည်။ မက်ဆီသည် ကမ္ဘာတွင် အကောင်းဆုံး ဘောလုံးသမားဖြစ်ကြောင်း ကစားဖော် ဂျရတ်ပီကေးက ဆိုသည်။ မန်ယူ တိုက်စစ်မှူး ရွန်နေသည် တစ်နှစ်တာအကောင်းဆုံး ဂိုးဆုဆွတ်ခူးရန် ရေပန်းစားနေသကဲ့သို့ မန်ယူနည်းပြကြီး ဖာဂူဆန်မှာလည်း အကောင်းဆုံးမန်နေဂျာဆုဆွတ်ခူးရန် ရေပန်းစားနေသည်။ **(အင်တာနက်)**

အီဒင်ဘတ် မာရသွန်အပြေးပြိုင်ပွဲ ကင်ညာအပြေးသမား ကစ်ရော့ဗိုလ်စွဲ

အီဒင်ဘတ် ဇန်နဝါရီ ၉

အင်္ဂလန်နိုင်ငံ အီဒင်ဘတ်မြို့တွင် ဇန်နဝါရီ ၈ ရက်က ကျင်းပခဲ့သည့် သုံးကီလိုမီတာ မာရသွန်ပြိုင်ပွဲတွင် ကင်ညာမာရသွန်အပြေးသမား အက်စ်ဘယ်ကစ်ရော့ ဗိုလ်စွဲခဲ့ကြောင်း ဇန်နဝါရီ ၉ ရက်၌ သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

ကစ်ရော့သည် ယင်းပြိုင်ပွဲတွင် သုံးကီလိုမီတာကို ၉ မိနစ် ၂၀ စက္ကန့်ဖြင့် ပြေးနိုင်ခဲ့ခြင်းဖြစ်သည်။ မီတာ ၁၅၀၀ အိုလံပစ်နှင့် ကမ္ဘာ့ချန်ပီယံ ကစ်ရော့သည် မကြာမီကကျင်းပခဲ့သည့် နိုင်ငံတကာပြေးခုန်ပစ်အဖွဲ့ချုပ်၏ မီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် အဆင့် ၁၁ အထိ ကျဆင်းခဲ့သည်။ အဓိကပြိုင်ဘက်ဖြစ်သည့် အင်္ဂလန်နိုင်ငံမှမာရသွန် အပြေးသမားဂျွန်ဟေးက သုံးကီလိုမီတာကို ၉ မိနစ် ၂၅ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။ ကင်ညာမှနောက်ထပ် အပြေးသမားကစ်ချော့က ၉ မိနစ် ၂၆ စက္ကန့်ဖြင့် တတိယရရှိခဲ့ပြီး အီသီယိုးပီးယားမှ မာရသွန်အပြေးသမား ဟီဂွီရိုက ၉ မိနစ် ၂၇ စက္ကန့်ဖြင့် စတုတ္ထရရှိခဲ့သည်။ **(အင်တာနက်)**

လာရောက်တွေ့ဆုံ

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး **Mr. Christian Friis Bach** လာရောက်တွေ့ဆုံစဉ်။

(သတင်း-ကျော်ဖုံး)

(သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော် (၁၅)ကြိမ်မြောက် နှမ်းမနဲပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်တွင် (၁၅)ကြိမ်မြောက် နှမ်းမနဲ စတုဒိသာပွဲကို ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး ပါဝင်လှူဒါန်းကုသိုလ်ပြုလိုသူများသည် နှမ်းမနဲ လေးပြည် (တစ်ဒယ်) လျှင် ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် စေတီတော်ဂေါပကအဖွဲ့ ဖုန်း-၀၁-၂၉၀၄၂၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(ဥမ္မာသန့်-သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ ပုလဲသွယ်စပ်မျိုးစပါး (F-1) ပျိုးပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပုလဲသွယ်စပ်မျိုးစပါး သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် စိုက်ပျိုး ပညာရှင်များ၏အတွေ့အကြုံများ ထိထိရောက်ရောက်အသုံးချ

နေပြည်တော် ဇန်နဝါရီ ၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသ အဆင့်မြင့်လယ်ယာမြေဧက(၁၀၀)စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါး လေးမျိုးကို မျိုးယှဉ်ပြိုင် စမ်းသပ်စိုက်ပျိုးဆောင်ရွက်ရန် သိပ္ပံနည်းကျ (G.A.P) စိုက်နည်းစနစ်ဖြင့် ပျိုးပေါင်များဆောင်ရွက်ပြီး ပျိုးကြဲနေမှုများကို ကြည့်ရှုစစ်ဆေး သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ အဆင့်မြင့်လယ်ယာမြေ ၃၆၉ ဧကစိုက်ကွင်းသို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများက နွေစပါးစိုက်ပျိုးရန် ငလိုက်ဆည်ရေသောက်မြောင်းလက်တံ (DY-4) ၏ ကွန်ကရစ်ကျောက်တိုင်ကြီး လိုင်နင်စီခြင်းလုပ်ငန်း ပေ ၁၅၀၀၀ ပြီးစီးသွားပြီဖြစ်၍ ဆည်ရေများ ရာနှုန်းပြည့်ပေးဝေနေမှုများကိုတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဆည်ရေများအောင်မြင်စွာ လွှတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်းများအား သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ပြီး ချက်ချင်းနုတ် - ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုးနေမှုများ၊ ပစ်တိုင်းထောင်စနစ်ဖြင့် စိုက်ပျိုးရန်ပျိုးခွက်များဖြင့် ပျိုးထောင်ထားသည့် သက်တမ်း ၁၁ ရက်သားရှိ ပုလဲသွယ်စပ်မျိုးစပါး (F-1) ပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး တောင်သူပညာပေး ဧက ၄၀ စိုက်ကွင်း၌ သက်တမ်း ၆၂ ရက်သားရှိ ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်စပ်တည်း ဧက ၄၀ စိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးပြုစုမှုအဆင့်ဆင့်၌ ဆောင်ရွက်ရမည့်လုပ်ငန်းရပ်များကို သိပ္ပံနည်းကျစိုက်နည်းစနစ်များနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ပညာရှင်များ၏အတွေ့အကြုံများကို ထိထိရောက်ရောက်အသုံးချပြီး စံနမူနာပြ အောင်မြင်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ စာတမ်းဖတ်ပွဲ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးအဆင့် အရာရှိများ စွမ်းရည်မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၁)သင်တန်းသားများ၏ စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စာတမ်းတာဝန်ခံ သင်တန်းသားများက မိုးပွင့် အဆင့်(၂) စီမံချက်ကြိုတင်ပြင်ဆင်ခြင်းစာတမ်းနှင့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကောင်းမွန်သည့် မြို့နယ်ရုံး တစ်ရုံးဖြစ်စေရေး စီမံဆောင်ရွက်ခြင်းစာတမ်းတို့ကို ဖတ်ကြားကြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက စာတမ်းများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးသည်။

ဆွေးနွေးတင်ပြ

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက စာတမ်းများအပေါ် ဖြည့်စွက်သုံးသပ်ဆွေးနွေးတင်ပြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စာတမ်းများရေးသားပြုစုခြင်းသည် ပြဿနာတစ်ရပ်ကို ဖြေရှင်းနိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် တွေးတောကြံဆကာ ထိရောက်အောင်မြင်နိုင်မည့်အဖြေကို ရှာဖွေခြင်းဖြစ်ကြောင်း၊ အစုအဖွဲ့မှသည် တစ်ဦးချင်း အရည်အသွေးမြင့်မားလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အလေ့အကျင့်မှသည် အလေ့အထဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်မှသာ မြို့နယ်မှူးတစ်ဦးချင်း အရည်အသွေးတိုးတက်မြင့်မားလာမည် ဖြစ်ကြောင်း၊ သင်တန်းမှပို့ချသည့် သင်ခန်းစာများကိုအခြေခံ၍ မိမိတို့၏ တွေးတောကြံဆမှုများကိုပေါင်းစပ်ကာ လုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မြို့နယ်မှူးများသည် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားပြီး ဌာန၏ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်စေရေးအတွက် အစဉ်လေ့လာ ဆည်းပူးနေကြရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးမှာကြားပြီး **(ဝဲပုံ)** သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

CEO Classic Golf Tournament
ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကကြီးမှူး၍ CEO Group မှ အဓိကကူညီပံ့ပိုးသော CEO Classic Golf Tournament ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပသည်။

CEO Group ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက Professional ပြိုင်ပွဲတွင် ပထမရရှိသော ဇော်ဇော်လတ်အား ဆုကြေးငွေလက်မှတ်ကို ချီးမြှင့်စဉ်။

(ဂေါက်သီးအဖွဲ့ချုပ်)

ရှေးဦးစွာ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က အမှာစကားပြောကြားပြီး CEO Group ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ CEO Group ဒါရိုက်တာများဖြစ်ကြသော ဦးမင်းဟန်နှင့် ဦးမြင့်လွင်တို့က အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိသူများအားလည်းကောင်း၊ CEO Group ဒါရိုက်တာများဖြစ်ကြသော ဒေါက်တာစိုးမြင့်နှင့် ဦးသောင်းစိန်တို့က Professional ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက အမျိုးသားအပျော်တမ်းပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၉၂ ချက်ဖြင့် တတိယရရှိသော မောင်မောင်ဦး၊ စုစုပေါင်းရိုက်ချက် ၂၈၉ ချက်ဖြင့် ဒုတိယရရှိသော သိန်းနိုင်စိုး၊ စုစုပေါင်းရိုက်ချက် ၂၈၈ ချက်ဖြင့် ပထမရရှိသော မျိုးဝင်းအောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က Professional ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၈၆ ချက်ဖြင့် တတိယရရှိသော စိုးကျော်နိုင် (Srixon)၊ စုစုပေါင်းရိုက်ချက် ၂၈၅ ချက်ဖြင့် ဒုတိယရရှိသော ယဉ်အောင်လတ် (Srixon)၊ စုစုပေါင်းရိုက်ချက် ၂၈၁ ချက်ဖြင့် ပထမရရှိသော ဇော်ဇော်လတ် (Srixon)တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး CEO Group ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက Professional ပြိုင်ပွဲ၌ ပထမရရှိသော ဇော်ဇော်လတ် (Srixon) အား ဆုကြေးငွေ ချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ကာ ဇော်ဇော်လတ်က ကျေးဇူးတင်စကား ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ချီးမြှင့်သော အမှတ်တရလက်ဆောင်ကို မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်ကပေးအပ်ရာ CEO Group ဒါရိုက်တာ ဦးမင်းဟန်က လက်ခံသည်။ CEO Group ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက Royal Mingalardon Golf & Country Club သို့ အမှတ်တရလက်ဆောင်ပေးအပ်ရာ အထွေထွေမန်နေဂျာ ဦးသိန်းအောင်က လက်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း မူးယစ်ဆေးဝါးအမှု ၂၁၄ မှု၊ တရားခံ ၃၂၉ ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် ဇန်နဝါရီ ၉

၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတစ်ဝန်းမှ မူးယစ်ဆေးဝါး အမှုပေါင်း ၂၁၄ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်းမှု ၅၀ (အလေးချိန် ၂၀ဒသမ ၃၈၁၂ ကီလို)၊ ဘိန်းဖြူ ၄၇ မှု (အလေးချိန် ၁ ဒသမ ၇၂၀၆ကီလို)၊ ဘိန်းဆီခဲ လေးမှု (အလေးချိန် ၀ ဒသမ ၄၆၄၂ ကီလို)၊ အဆင့်နိမ့်ဘိန်း ငါးမှု (အလေးချိန် ၂ ဒသမ ၄၃၅၁ ကီလို)၊ ဆေးခြောက် ၁၂ မှု (အလေးချိန် ၆ ဒသမ ၀၉၇၁ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၅ မှု (၂၄၈၄၃၉ ဒသမ ၅ ပြား)၊ ဘိန်းစာမှုနှင့် ခုနစ်မှု (အလေးချိန် ၁၄ ဒသမ ၈၁၄၈ ကီလို)၊ ဘိန်းရည်(၀ဒသမ ၃၃ လီတာ)၊ အယ်ပရာဇိုလမ် တစ်မှု (၁၄ပြား)၊ ဒိုင်ယာဇီပင်ထိုးဆေး ၁၄ ပုလင်း၊ မော်ဖင်းထိုးဆေး ၁၃ ပုလင်း၊ ဆူဒိုအက်ဖီဒရင်း ငါးမှု (၆၃၅ ဒသမ ၄၉ ကီလို)၊ အိုက်(စ်) လေးမှု (အလေးချိန် ၇ ဒသမ ၀၀၉၆ ကီလို)၊ အီသိုင်းအီသာ တစ်မှု (၁၁၂၀ လီတာ)၊ အက်ဖီဒရင်း (အလေးချိန် ၄ ဒသမ ၅ ကီလို) ဖမ်းဆီးရမိခဲ့သည်။

အမှုပေါင်း ၂၁၄ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား၂၇၆ ဦး၊ မ ၅၃ ဦး စုစုပေါင်း ၃၂၉ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း နိုင်ငံတကာဆက်ဆံရေး သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတကာဆက်ဆံရေးသင်တန်းဖွင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော နိုင်ငံတကာဆက်ဆံရေး သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီခွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးဌာနများမှ သင်တန်းသားများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အဖွင့်အမှာစကားပြောကြားပြီး City University of Hong Kong မှ ဒေါက်တာကျော်ရင်လှိုင်က မိတ်ဆက်စကားပြောကြားသည်။

သင်တန်းကို ဇန်နဝါရီ ၁၁ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ၂၀ ဦး၊ စက်မှုဝန်ကြီးဌာနမှ ၂၀ ဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ၁၀ ဦး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ၁၀ ဦး၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ငါးဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ငါးဦး၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ငါးဦး စုစုပေါင်းသင်တန်းသား ၇၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုံပင်မဓာတ်အားခွဲရုံ နှင့် သာကေတသဘာဝဓာတ်အားပေးစက်ရုံ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝင်းသို့ရောက်ရှိပြီး ကမ်းနားလမ်းတိုးချဲ့စီမံကိန်းတွင် ရထားလမ်းနှင့် လွတ်ကင်းမှုရှိအောင် ခြံစည်းရိုးကာရံနေမှု၊ Transformer များတည်ဆောက်ပြီးစီးမှု၊ စက်ပစ္စည်းများတပ်ဆင်ပြီးစီးမှု၊ Connection ချိတ်ဆွဲပြီးစီးမှုနှင့် လုံခြုံရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၈ ရက်တွင် သာကေတသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ သာကေတ စက်ရုံဝင်းအတွင်း စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးဆိုင်ရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များမှာကြားပြီး စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်မြေနေရာနှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၏ အမှတ်(၃) တာဘိုင်ပြင်ဆင်လျက်ရှိသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✱ ကျောဖုံးမှ

ယခုအခါ အဆိုပါအဆင့်(၄) ဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် စတုတ္ထအဆင့် စနစ်တကျကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့်ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ကော်မတီဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး ကော်မတီအတွင်းရေးမှူး မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းက လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော်ကောင်စီတို့မှ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက Microfinance လုပ်ငန်းများကို ဒေသအနှံ့အပြားတွင် မိမိတို့ကိုယ်ပိုင်အစီအစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် ကော်မတီအနေဖြင့် ပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးကို သာမက အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကိုပါ အထောက်အကူပြုသည့် ငွေရေးကြေးရေးလုပ်ငန်းများ စနစ်တကျပေါ်ပေါက်လာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ဂျပန်နိုင်ငံအထက်လွှတ်တော် (House of Councillors)အမတ် Mr. Hirohiko NAKAMURA သည် ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၆/အနောက်ရပ်ကွက် ဇမ္ဗူပညာ စာကြည့်တိုက် နှစ်ပတ်လည်အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁ ရက် ည ၇ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ယင်းဟောပြောပွဲတွင် အခမ်းအနားမှူးများအဖြစ် မော်ဝန်းကြည်မြတ်နှင့် ဒဂုန်အောင်သျှင်သူတို့က ဆောင်ရွက်ကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ နာယက ဦးရန်အောင်က မုဒိတာစကားချီးမြှင့်ကာ မြို့နယ်စာပေနှင့် စာနယ်ဇင်း ဒုတိယဥက္ကဋ္ဌ ရွှေမြိုင်ဘသန်းတင်က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်း ဥက္ကဋ္ဌ မင်းရိုးယဉ်၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ ချစ်ဦးညိုတို့က စာပေရေးရာများ ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။ (ဝ၂ဝ)

စာကြည့်တိုက် နှစ်ပတ်လည်အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပ

မီးဘေးအန္တရာယ်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

မကြာမီ ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ရောက်ရှိတော့မည်ဖြစ်ရာ စက်သုံးဆီနှင့်ရေနံထွက်ပစ္စည်းများ သိုလှောင်သယ်ယူ ဖြန့်ဖြူးရောင်းချသူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို အထူးအလေးထားလိုက်နာဆောင်ရွက်သွားနိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ စက်သုံးဆီသိုလှောင်ကန်/သိုလှောင်ရုံများနှင့်ပတ်သက်၍ သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ခွင့်လိုင်စင်ရှိရမည်။

၂။ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းများနှင့်ပတ်သက်၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရှိရမည်။

၃။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် သတိပေးဆိုင်းဘုတ်များ မြင်သာသည့်နေရာများတွင် ချိတ်ဆွဲထားရမည်။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက်စနစ်တကျရေးဆွဲထားပြီး အနည်းဆုံးတစ်လတစ်ကြိမ်ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရမည်။

၄။ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့်မီးသတ်ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိရမည့်အပြင် ဝန်ထမ်းများ စနစ်တကျကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် အခြေခံမီးသတ်သင်တန်းတက်ရောက်ထားရမည်။

၅။ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းဝင်းအတွင်း မီးလောင်လွယ်စေတတ်သော ပစ္စည်းများနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများ ယူဆောင်လာခြင်းရှိ/မရှိအား စစ်ဆေးကြပ်မတ်ရန်အတွက် လုံခြုံရေးဝန်ထမ်းများထားရှိ တာဝန်ပေးအပ်ထားရမည်။

၆။ အဆောက်အအုံများနှင့် သို့လှောင်ကန်များတွင် မြေစိုက်ကြိုးနှင့်မိုးကြိုးလွှဲများ စနစ်တကျတပ်ဆင်ထားရမည်။

၇။ သတ်မှတ်အရည်အသွေးပြည့်မီသည့်ပိုက်၊ ပိုက်ဆက်ပစ္စည်း၊ ဘား၊ ပန့်၊ ပန့်တိုင်နှင့်ဆီချပိုက်များကို တပ်ဆင်အသုံးပြုရမည်။ ဆက်သွယ်ထားသည့် ပိုက်လိုင်းများသည် စက်သုံးဆီနှင့် ဆီငွေ့များ ယိုစိမ့်မှုနှင့်လုံခြုံစိတ်ချရမှုရှိရမည်။

၈။ လျှပ်စစ်ပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျတပ်ဆင်သုံးစွဲရမည်။

၉။ စက်သုံးဆီသိုလှောင်ကန်စခန်းများတွင် ဆီတင်ယာဉ်ဆီဖြည့်သည့်နေရာ(Bowser Filling Shed) သီးသန့်ဆောက်လုပ်၍ စနစ်တကျ ဆောင်ရွက်ရမည်။

၁၀။ ပီပါဖြင့် ဖြန့်ဖြူးရောင်းချပါက ပီပါဆီဖြည့်ရုံ (Drum Filling Shed) သီးသန့်ဆောက်လုပ်၍ စနစ်တကျဖြန့်ဖြူးရောင်းချရမည်။

၁၁။ မြစ်ကမ်းနဖူးတွင် တည်ဆောက်ထားသော စက်သုံးဆီသိုလှောင်ကန် စခန်းဖြစ်ပါက ဆီတင်/ဆီချဆိပ်ခံ၊ ဆိပ်ခံတံတား၊ ဆီတင်/ဆီချပန့်များ၊ ပိုက်လိုင်းများ၊ ဆီချပွိုင့်၊ ဆီဖြည့်ပွိုင့်နှင့် စက်သုံးဆီလက်ခံသိုလှောင်ဖြန့်ဖြူးမည့်သံကန်များ စနစ်တကျတည်ဆောက်တပ်ဆင်အသုံးပြုရမည်။

၁၂။ ဆီတင်ယာဉ်တစ်စီး၏ အင်္ဂါရပ်နှင့်အညီ သတ်မှတ်ပါရှိရမည့် ပစ္စည်းကိရိယာများ စုံလင်စွာတပ်ဆင်ထားရမည်။

စွမ်းအင်ဝန်ကြီးဌာန

လှူဒါန်း

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက်ဝင်း သစ္စာမေတ္တာကျောင်းတွင် သိမ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် သိန်း ၂၀ ကို မြောက်ဥက္ကလာပ မြို့နယ်နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမို) သားဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်းနှင့် တူမ ဒေါ်အေးအေးမော် မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစုတို့က လှူဒါန်းရာ သိမ်ဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဦးအုန်းမောင် လက်ခံယူစဉ်။ (မြန်မာ့အလင်း)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်အကြံပေးကောင်စီ ဥက္ကဋ္ဌ General Prem Tinsulanonda နှင့်တွေ့ဆုံ

တွေ့ဆုံဆွေးနွေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်အကြံပေးကောင်စီ ဥက္ကဋ္ဌ General Prem Tinsulanonda တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ထိုင်းဘုရင့် အကြံပေးကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda နှင့် ယနေ့နံနက် ၁၁ နာရီတွင် ၎င်း၏ရုံးခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် ဖလှယ်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်တို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်အကြံပေးကောင်စီဥက္ကဋ္ဌနှင့်အတူ ထိုင်းဘုရင့်ဒုတိယ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးဒါပေါင်းနှင့် ထိုင်းနိုင်ငံ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ ***ရှေ့ဖုံးမှ***

စည်းကမ်းနှင့်အညီ ကူညီစောင့်ရှောက်ပေးရန် လိုအပ်ပုံများ၊ ပညာတော်သင်များအနေဖြင့်လည်း မိမိတို့နိုင်ငံတော်အတွက် လိုအပ်၍ သင့်လျော်သော ပညာရပ်များကို အချိန်ကုန်၊ ငွေကုန်ခံ သင်ကြားနေကြရသောကြောင့်အကျိုးရှိအောင်၊ တတ်မြောက်အောင် ကြိုးစားသင်ယူကြရန်လိုအပ်ပုံများကို ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ညပိုင်းတွင် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် Siam Niramit ကဇာတ်ရုံ၌ ထိုင်းရိုးရာ ယဉ်ကျေးမှုပဒေသာကပွဲ ကပြမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှလုံးခုန်မှန်စေရန် ပြန်လည်ထိန်းညှိသည့်စက် ကျန်းမာရေးဝန်ကြီးဌာနသို့ လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနသို့ နှလုံးခုန်မှန်စေရန် ပြန်လည်ထိန်းညှိသည့်စက် (Defibrillitator) လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဧည့်ခန်းမ၌ကျင်းပရာ အလှူရှင် ဂျပန်နိုင်ငံ Okayama University မှအဖွဲ့ခေါင်းဆောင် Professor Okada နှင့် Professor Ujike တို့က နှလုံးခုန်မှန်စေရန်ပြန်လည်ထိန်းညှိသည့်စက်ကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးထံ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါလှူဒါန်းပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်နှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံ Okayama University မှ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနသို့ နှလုံးခုန်မှန်စေရန် ပြန်လည်ထိန်းညှိသည့်စက်လှူဒါန်းပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

စင်ကာပူနိုင်ငံ AMOE Pte., Ltd. မှ အပ်နှံသော ရေယာဉ်တည်ဆောက်ရေးလုပ်ငန်း မကြာမီစတင်ဆောင်ရွက်ရန်ရှိ

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များအတွက် ရေယာဉ်များကိုလက်ခံ တည်ဆောက်ပေးလျက်ရှိရာ စင်ကာပူနိုင်ငံ AMOE Pte., Ltd. မှ Length (OA)-79.2m၊ Length (BP)73.999 m၊ B(Moulded)-16m၊ Depth (Moulded)-4.8m၊ Draft (Design)-3.5 m ရှိသည့် Landing Craft Tank Vessel တစ်စင်းကို International Classification Society တစ်ခုဖြစ်သော BUREAU VERITAS (BV)၏ စစ်ဆေးမှုကို ခံယူတည်ဆောက်ရန် ဇန်နဝါရီလအတွင်း စတင်တည်ဆောက်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါရေယာဉ်အတွက် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက တည်ဆောက်ရေးလက်ခ အမေရိကန်ဒေါ်လာ ၄၂၀၀၀၀ ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။ **(ယာပုံ)**

ရေယာဉ်တည်ဆောက်ရေးအတွက် လိုအပ်သော ပြည်ပမှ တင်သွင်းရမည့် ပစ္စည်းများအားလုံးကို ပိုင်ရှင်က ပေးသွင်းမည်ဖြစ်ပြီး ရေယာဉ် တည်ဆောက်ရေးပစ္စည်းများပထမအသုတ်သည် "ကျောက်ဖြူ" သင်္ဘောခရီးစဉ်အမှတ် (EAL 32) ဖြင့် ပါရှိလာသည်ဖြစ်ရာ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများလည်း မကြာမီ စတင်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

ယခင်ကလည်း မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက စင်ကာပူနိုင်ငံ Meiwa Marine Pte.,Ltd. အတွက် ၃၈ မီတာ မီးသတ်နှင့်ပင်လယ်ပြင်ညစ်ညမ်းမှု ထိန်းသိမ်းရေးရေယာဉ် တစ်စင်းနှင့် ညစ်ညမ်းဆီများ တင်ဆောင်ရန် ပေ(၁၀၀)ဆီတင်တွဲ တစ်စင်း၊ စင်ကာပူနိုင်ငံ Casey Marine Pte., Ltd .အတွက် (၂၉)မီတာ တွန်းဆွဲ ရေယာဉ် တစ်စင်း၊ စင်ကာပူနိုင်ငံ Java Marine Line Pte.,Ltd. အတွက် (၃၆) မီတာ ကမ်းလွန်ရေနံရှာဖွေရေး ထောက်ပံ့ရေး ရေယာဉ်နှစ်စင်း၊ (၃၀)မီတာ စက်ယန္တရားတင် ရေယာဉ်တစ်စင်း၊ (၆၀) မီတာ စက်ယန္တရားတင် ရေယာဉ်တစ်စင်း၊ ပြင်သစ်နိုင်ငံ Corvette Shipping Pte., Ltd. အတွက် သံခွဲကိုယ်ထည် ပင်လယ်ကူး အပျော်စီးရွက်လှေ တစ်စင်း၊ ထိုင်းနိုင်ငံ Moby Dick Co., Ltd. အတွက် ပင်လယ်ကူးအပျော်စီး ရေယာဉ်တစ်စင်းတို့ကို International Classification Society များ ဖြစ်ကြသော Lloyd's Register Of Shipping (LRS)၊ American Bureau Of Shipping (ABS) တို့၏စစ်ဆေးမှုကိုခံယူတည်ဆောက်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။



ထိုနည်းတူ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတွင်လည်း ပြည်တွင်းပြည်ပနိုင်ငံများမှ ရေယာဉ်အလျား (၁၅၈)မီတာအထိရှိ ရေယာဉ်ကြီးများကို International Classification Society များ၏ စစ်ဆေးမှုကိုခံယူပြီး လွန်းတင်ပြင်ဆင်ပေးလျက်ရှိသည်။ နိုင်ငံခြားမှ ရေယာဉ်များကို တည်ဆောက် ပြင်ဆင်ပေးခြင်းဖြင့် မြန်မာအင်ဂျင်နီယာများအတွက် ခေတ်မီစက်ပစ္စည်းကိရိယာများ တပ်ဆင်ရေး အတွေ့အကြုံများကို ရရှိစေခြင်း၊ အပြည်ပြည်ဆိုင်ရာရေယာဉ်စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးမှုကိုခံယူပြီး တည်ဆောက် ပြင်ဆင်ရသည့်အတွက် အင်ဂျင်နီယာများနှင့်ကျွမ်းကျင်လုပ်သားများ၏ အရည်အသွေးနှင့် လုပ်ငန်းအတွေ့အကြုံတိုးတက်ရရှိခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လှူဒါန်းပွဲ

ကန်ကြီးထောင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက်က အခြေခံပညာ အထက်တန်းကျောင်း အမျိုးသားခန်းမ၌ကျင်းပရာ ဆုရရှိကြသူများအား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်း ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း စုံညီအစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း စုံညီအစည်းအဝေး (၂၀၁၂)ကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ပင်မ)ခန်းမဆောင်ကြီး၌ ဇန်နဝါရီ ၂၈ရက်နှင့် ၂၉ ရက်တို့တွင် နံနက် ၈နာရီမှစတင်ကျင်းပမည်ဖြစ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်သူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌများ၊ စုံညီအစည်းအဝေးကိုယ်စားလှယ်များသည် ရန်ကုန်မြို့သို့ ဇန်နဝါရီ ၂၆ ရက်ထက်မစော၊ ၂၇ ရက်ထက်နောက်မကျဘဲ ရောက်ရှိသတင်းပို့ပြီး ဗဟိုအသင်းရုံး၌ မှတ်ပုံတင်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရင်သွေးငယ်များ ကျန်းမာဖို့ ဝက်သက်ရောဂါ တိုက်ဖျက်ရို့

ဒေါက်တာစိုးလွင်ငြိမ်း
ညွှန်ကြားရေးမှူး(ကူးစက်) ကျန်းမာရေးဦးစီးဌာန

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာ့ရင်သွေးငယ်များအား ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပိုလီယိုရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ တီဘီဦးနှောက်အမြှေးရောင်ရောဂါနှင့် ဝက်သက်ရောဂါစသောရောဂါ ခုနစ်မျိုးမှ ကင်းဝေးစေရေးအတွက် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများကို နှစ်စဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်ပံ့ပိုးမှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နှီးနွှယ်ဆက်စပ်နေသော ဝန်ကြီးဌာနအသီးသီးနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထု၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုတို့ဖြင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါသည်။

ရင်သွေးငယ်များ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းအားဖြင့် ကလေးငယ်များ၏ ကျန်းမာရေးကို တိုးတက်ဖွံ့ဖြိုးစေပြီး "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူသည့် လူမှုရေးဦးတည်ချက်နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သော "လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေထိုင်နိုင်ရေး" နှင့် "လူတိုင်းရောဂါဘယကင်းရှင်းရေး" အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်နိုင်မှုကြောင့် ကျောက်ရောဂါ လုံးဝပပျောက်ပြီးသည့်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် ရောဂါဖြစ်ပွားသေဆုံးမှုသိသာစွာ လျော့နည်းခဲ့ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာနိုင်ငံအား မွေးကင်းစမေးခိုင်ရောဂါ လျော့နည်းပပျောက်သော နိုင်ငံအဖြစ် ၂၀၁၀ ခုနှစ် မေလတွင် ကြေညာခဲ့ပြီး ဝက်သက်ရောဂါလျော့နည်းပပျောက်ရေးနှင့် ပိုလီယိုရောဂါ လုံးဝပပျောက်ရေးလုပ်ငန်းများကိုလည်း ဦးစားပေးလုပ်ငန်းများအဖြစ် ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများအနက် ဝက်သက်ရောဂါသည် ကမ္ဘာ့ရင်သွေးငယ်များအတွက် အဓိကကျန်းမာရေးပြဿနာအဖြစ် ရှိနေပါသည်။ ထို့ကြောင့် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များတွင် သက္ကရာဇ် ၂၀၁၅ ခုနှစ်၌ အသက်ငါးနှစ်အောက်ကလေးများ သေဆုံးနှုန်းကို ၁၉၉၀ ခုနှစ်တွင် သေဆုံးမှုနှုန်း၏ သုံးပုံနှစ်ပုံ လျှော့ချရေးလုပ်ငန်းကို ဆောင်ရွက်ရန်ထည့်သွင်းထားပြီး မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံများမှ အဆိုပါရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဇယားများအရ ဝက်သက်ရောဂါကြောင့် သေဆုံးမှုအခြေအနေသည် ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ရောဂါများကြောင့် သေဆုံးမှု၏ ၄၈ ရာခိုင်နှုန်းခန့်ရှိနေသေးသည်ကို တွေ့ရှိရပါသည်။ ဝက်သက်ရောဂါ လျော့နည်းပပျောက်ရေးနှင့် ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသက်ကိုးလအရွယ် ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးလွှမ်းခြုံမှု ၉၀ ရာခိုင်နှုန်းနှင့် အထက်ရရှိရန် ဆောင်ရွက်ခြင်း၊ ဝက်သက်ရောဂါကာကွယ်ဆေးကို အသက် ၁၈ လတွင် ဒုတိယအကြိမ်အဖြစ် ထိုးနှံပေးခြင်း၊ အချိန်ကာလအပိုင်းအခြားအလိုက် အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဝက်သက်ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း၊ ဝက်သက်ရောဂါဖြစ်ပွားပါက တုံ့ပြန်ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဗီတာမင်အေ ဆေးတိုက်ကျွေးခြင်း အပါအဝင် ထိရောက်သော ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဝက်သက်ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် အသက်ကိုးလနှင့် အသက်တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး၏ ဝက်သက်ကာကွယ်ဆေးထိုးလွှမ်းခြုံမှုမှာ ၈၅ ရာခိုင်နှုန်း ရရှိပါသည်။ ထိုလွှမ်းခြုံမှုမှာ အောင်မြင်မှုရာခိုင်နှုန်းအနေဖြင့် များသည်ဟု ယူဆနိုင်သော်လည်း ကျန်ရှိသည့် ၁၅ ရာခိုင်နှုန်းသော ကလေးများသည် ဝက်သက်ကာကွယ်ဆေးမထိုးနှံရသေးသူများဖြစ်နေသဖြင့် ဝက်သက်ရောဂါ ဖြစ်ပွားကူးစက်နိုင်သူများ ဖြစ်နေပါသည်။ ထို့ကြောင့် ရာနှုန်းပြည့်နီးပါး ထိုးနှံနိုင်မှသာလျှင် ရောဂါဖြစ်ပွားမှုကို သိသာစွာလျှော့ချနိုင်မည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နှစ်စဉ်နှစ်တိုင်း ကာကွယ်ဆေးမထိုးနှံရသေးသော ကလေးများရှိနေရာ နှစ်ကြာလာသောအခါ ကာကွယ်ဆေးမထိုးရသေးသောကလေးများ ပိုမိုများပြားလာပြီး ဝက်သက်ရောဂါ ကူးစက်ပျံ့နှံ့မှု ပြန်လည်ဖြစ်ပွားလာနိုင်ပါသည်။ ၂၀၁၁ ခုနှစ်အတွင်း ဝက်သက်ရောဂါဖြစ်ပွားမှု အခြေအနေကို လေ့လာကြည့်လျှင် ယခင်နှစ်များထက် ဝက်သက်ရောဂါဖြစ်ပွားမှု ပိုမိုများပြားလာကြောင်း တွေ့ရှိရပါသည်။

ထိုသို့ဖြစ်ရခြင်းမှာ ကာကွယ်ဆေးမထိုးသည့်ကလေးများရှိနေခြင်း၊ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုအားနည်းသည့် နေရာဒေသများရှိနေခြင်း၊ ဝေးလံခက်ခဲသော ဒေသမဟုတ်သော်လည်း မြို့ပေါ်တိုက်တာရှိ ကလေးများ၊ ယာယီအလုပ်စခန်းများရှိ ကလေးများနှင့် ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်သူများ၏ ရင်သွေးများတွင် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု အားနည်းကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်အတွင်း ဝက်သက်ရောဂါအစုလိုက် ဖြစ်ပွားမှု စုစုပေါင်း (၃၄)ကြိမ်ဖြစ်ပွားခဲ့ရာ ဝက်သက်ရောဂါလူနာပေါင်း ၅၈၀ နှင့် သေဆုံးသူ ခုနစ်ဦးရှိခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတွင် အများဆုံးဖြစ်ပွားခဲ့ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဖြစ်ပွားမှုများရှိနေပါသည်။ အသက်ငါးနှစ်အောက် ကလေးငယ်များတွင် ၃၅ ရာခိုင်နှုန်းနှင့် အသက်ငါးနှစ်မှ ကိုးနှစ်အတွင်း ကလေးငယ်များတွင် ၂၇ ရာခိုင်နှုန်းခန့် ဖြစ်ပွားကြောင်းနှင့် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်းတွင် အဖြစ်များပြီး တစ်နှစ်ပတ်လုံး ကူးစက်ဖြစ်ပွားနေသည်ကို တွေ့ရှိရပါသည်။ ဝက်သက်ရောဂါ ကပ်အသွင်ဖြစ်ပွားသည့်နေရာများရှိ အသက်ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်များအား တုံ့ပြန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း ဆောင်ရွက်နိုင်သဖြင့် ရောဂါကူးစက်ပြန့်ပွားမှုများကို ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဝက်သက်ရောဂါသည် ဝက်သက်ရောဂါဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားပြီး ရောဂါဖြစ်ပွားသူထံမှ ဝက်သက်ရောဂါဗိုင်းရပ်စ်ပိုးသည် လေထဲမှတစ်ဆင့် ရောဂါရှိသူ၏ အသက်ရှူလမ်းကြောင်းအတွင်းသို့ ဝင်ရောက်ကူးစက်နိုင်သဖြင့် ရောဂါရှိသူ၏ နှာချေ၊ ချောင်းဆိုးခြင်းမှ တစ်ဆင့်လည်းကောင်း၊ တိုက်ရိုက်ထိတွေ့၍လည်းကောင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ပါသည်။ ဝက်သက်ရောဂါပိုး စတင်ဝင်ရောက်သည်မှ ခုနစ်ရက်မှ ၁၈ ရက်အတွင်း ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါသည်။ ဝက်သက်ရောဂါ၏ လက္ခဏာများမှာ နှာချေ၊ ချောင်းဆိုးခြင်း၊ ဖျားခြင်းနှင့် မျက်စိနီခြင်း၊ မျက်နှာနှင့် ခန္ဓာကိုယ်တွင် အနီစက်များထွက်ခြင်းတို့ ဖြစ်ပါသည်။ ဝက်သက်ရောဂါလက္ခဏာ စတင်မပေါ်မီကာလနှင့် လက္ခဏာပေါ်ပြီးနောက် ရက်အနည်းငယ်အထိ ဝက်သက်ရောဂါသည် အခြားသူများအား ကူးစက်နိုင်ပါသည်။ ဝက်သက်ရောဂါသည် တစ်နှစ်အောက်ကလေးငယ်များတွင် ပိုမိုဖြစ်ပွားပြီး ကလေးများစုဝေးရာနေရာများတွင် အလွယ်တကူ ပိုမိုကူးစက်ပြန့်ပွားပါသည်။ ရောဂါဖြစ်ပွားသူအား သီးခြားထားရှိကုသခြင်းဖြင့် အခြားသူများသို့ ရောဂါကူးစက်ပြန့်ပွားမှုကို လျော့နည်းစေပါသည်။

ဝက်သက်ရောဂါသည် အအေးမိခြင်းကဲ့သို့ အလွယ်တကူဖြစ်နိုင်ပြီး အလွန်ကူးစက်မြန်ပါသည်။ ဝက်သက်ရောဂါကြောင့် အာဟာရချို့တဲ့နိုင်သကဲ့သို့ အာဟာရချို့တဲ့သည့် ကလေးများတွင် ဝက်သက်ပေါက်လျှင် အသက်အန္တရာယ်ဖြစ်စေနိုင်ပါသည်။ ဝက်သက်ရောဂါဖြစ်ပွားပါက နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများအဖြစ် အဆုတ်ရောင်ခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောခြင်း၊ နားပြည်ယိုခြင်း၊ မျက်စိကွယ်ခြင်း၊ ဦးနှောက်ရောင်ခြင်းနှင့် အသက်ဆုံးရှုံးခြင်းတို့ ဖြစ်နိုင်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝက်သက်ရောဂါကြောင့် သေဆုံးမှုနှုန်းသည် ရောဂါဖြစ်ပွားသူများ၏ ၃ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအတွင်းရှိကြောင်း တွေ့ရှိရပါသည်။ **ရင်သွေးငယ်များအား ဝက်သက်ရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်မည့် တစ်ခုတည်းသောနည်းလမ်းမှာ ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်း ဖြစ်ပါသည်။** ထို့ကြောင့် မိဘပြည်သူများအနေဖြင့် ဝက်သက်ရောဂါကာကွယ်ဆေးကို မိမိရင်သွေး အသက်ကိုးလတွင် ပထမအကြိမ်၊ အသက်တစ်နှစ်ခွဲတွင် ဒုတိယအကြိမ် စုစုပေါင်းနှစ်ကြိမ် အကြိမ်ပြည့်ထိုးနှံပေးရန်လိုအပ်ပါသည်။ ဝက်သက်ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းဖြင့် မိမိတို့၏ ရင်သွေးငယ်များအား ဝက်သက်ရောဂါဘေးဆိုးကြီးမှ တစ်သက်လုံး ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

မြန်မာ့ရင်သွေးများ ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသောရောဂါများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ကာကွယ်ဆေးများဝယ်ယူရန် ရန်ပုံငွေခွဲဝေချထားပေးလျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှလည်း ကာကွယ်ဆေးများကို လစဉ်ပုံမှန်ထိုးနှံတိုက်ကျွေးလျက်ရှိရာ ရင်သွေးငယ်အားလုံး ပုံမှန်ကာကွယ်ဆေးထိုးနှံနိုင်ရန်အတွက် မိဘများတွင် အဓိကတာဝန်ရှိသလို ပြည်သူလူထုမှလည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးပေးသကဲ့သို့ ၂၀၁၁ခုနှစ်အတွင်း ဝက်သက်ရောဂါ ပိုမိုဖြစ်ပွားလာသော အခြေအနေအရလည်းကောင်း၊ ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုမြင့်မားလာစေရေးအတွက်လည်းကောင်း၊ **အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်းကို ၂၀၁၂ ခုနှစ် မတ်လ ၂၂ ရက်မှ ၃၁ရက်အထိ ဆောင်ရွက်မည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် အသက် ၉ လမှ ၅ နှစ်အောက် ကလေးများအားလုံးကို ဝက်သက်ကာကွယ်ဆေးထိုးနှံနိုင်မည့် အခွင့်အရေးကောင်းတစ်ရပ်ကို ရရှိမည်ဖြစ်ပါသည်။ ၎င်းအခွင့်အရေးကို လက်လွှတ်မခံဘဲ မိမိရင်သွေးများကို ကာကွယ်ဆေးတိုက်စုရပ်များသို့ ခေါ်ဆောင်၍ ဝက်သက်ကာကွယ်ဆေးထိုးနှံပေးရန် လိုအပ်ပါသည်။** ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ အသက် ၉လမှ ၅ နှစ်အောက် ကလေးငယ်ပေါင်း ၆ ဒသမ ၄ သန်းခန့်အား ဝက်သက်ကာကွယ်ဆေးထိုးနှံပေးသွားရန် ရည်မှန်းချက်ထားရှိပြီး လွှမ်းခြုံမှုရာနှုန်းပြည့်ရရှိစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်းကို မြန်မာနိုင်ငံအတွင်းရှိ ဝေးလံခက်ခဲသည့်ဒေသများရှိ ကလေးများအားလုံး မကျန်ရှိစေရေးအတွက် စီမံချက် အဆင့်ဆင့်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများနှင့် မိဘပြည်သူများက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ရန်လိုအပ်ပါသည်။ ၂၀၁၂ ခုနှစ် မတ်လ ၂၂ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်မည့် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသက် ၉ လမှ ၅ နှစ်အရွယ် ကလေးငယ်ပေါင်း ၆ ဒသမ ၄ သန်းခန့်အား ဝက်သက် ရောဂါ ကာကွယ်ဆေး ထပ်မံထိုးနှံပေးမည်ဖြစ်ရာ မြန်မာ့ရင်သွေးငယ်များတွင် ဝက်သက် ရောဂါဖြစ်ပွားသေဆုံးမှုလျော့နည်းပြီး ဝက်သက်ရောဂါ လုံးဝလျော့နည်းပပျောက်သောနိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် မိဘပြည်သူများက အမျိုးသားရေးအသွင်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းအပ်ပါသည်။ ။

- **ရင်သွေးငယ်များအား ဝက်သက်ရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်မည့် တစ်ခုတည်းသောနည်းလမ်းမှာ ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်း ဖြစ်ပါသည်။**
- **ရင်သွေးငယ်များအား အသက် ၉ လတွင် တစ်ကြိမ်၊ အသက်တစ်နှစ်ခွဲတွင် တစ်ကြိမ် ဝက်သက်ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပါ။**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တသုတ်
၅:၂၀	MRTV-4 သတင်း
၅:၄၀	**သူတော်ကောင်းအလှူ** တရားတော် (ဆရာတော်မေ့ဒူတ ဒေါက်တာ အရှင်ပညိဿရ)
၆:၂၅	နိဗ္ဗာန်သို့ရည်မျှော် ပန်းစေတီနဲ့ပူဇော်
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၂)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၃၅)
၈:၄၅	Four FLAVOURS Show (Part-1)
၉:၂၅	Cartoon Show Time (SCOOBY DOO)
၁၀:၀၅	Activities in the City [International Volunteer Day အထိမ်းအမှတ်ဟောပြောပွဲ]
၁၀:၂၀	မြတ်ဆရာပူဇော်ပွဲ ထန်းတပင် အထက
၁၀:၄၀	Celebrity Style (သဉ္ဇာနွယ်ဝင်း)
၁၀:၅၅	လှပသန့်ရှင်းသော အသားအရေ ပိုင်ဆိုင်ဖို့အတွက် Diane 35
၁၁:၁၀	Activities in the City [အထက-၄ ကြည့်မြင်တိုင်၏ အာစရိယပူဇော်ပွဲ]
၁၁:၂၅	ပေါက်ကုန်းကြီးကျေးရွာဆီက ပညာ့အလင်းကျောင်းတော်သာ
၁၁:၃၅	Activities in the City (အလက-၄ သဃ်န်းကျွန်း၏ မြတ်ဆရာပူဇော်ပွဲ)
၁၁:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၀)
၁၂:၂၅	ရွှေဟသာ်ကျောင်းတိုက်၏ တိုက်သစ်တည် စိန်ရတုသဘင်
၁၂:၄၀	သင်ကြားရေးလမ်းညွှန် (Crown Education)
၁၂:၅၅	သုံးပန်လှ အောင်သော်တာ သီလရှင်စာသင်တိုက်၏ သီလရှင်ဝတ်စုံ အလှူတော်မင်္ဂလာ
၁:၀၀	**သူတော်ကောင်းအလှူ** တရားတော် (ဆရာတော်မေ့ဒူတ ဒေါက်တာ အရှင်ပညိဿရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	A Journey to Beijing (Part-1)
၂:၄၅	စာအုပ်ပြခန်း (ရခိုင်မြန်မာဆီလွတ် ဟင်းလျာများ)
၃:၀၅	တောင်ငူ GTI/GTC မိသားစု၏ အာစရိယပူဇော်ပွဲ
၃:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၂)
၄:၀၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၃၅)
၅:၀၀	ရန်ကုန်မြင်ကွင်းကျယ် (Sakura Auto Auction Centre Car Showroom & Sale Centre)
၅:၁၅	မြတ်ဆရာများ၏ ကျေးဇူးဂုဏ်ရည် အထက(၂)ဗိုလ်တထောင်
၅:၂၅	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၀)
၆:၀၀	MRTV -4 သတင်း
၆:၁၅	MRTV -4ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၃)
၇:၁၅	Four FLAVOURS Show (Part-2)
၈:၀၀	MRTV -4 သတင်း
၈:၃၀	Celebrity Choice (စုမီ)
၈:၅၀	ရန်ကုန်မြင်ကွင်းကျယ် (Myanmar Women Entreprenour's Association New Year Eve Gathering Party 2012)
၉:၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀	MRTV -4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ**(အပိုင်း-၃၆)
၁၀:၁၅	The Champion of Dance
၁၀:၅၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၁)
၁၁:၂၀	အနုပညာမိုးကောင်းကင်
၁၁:၅၀	လှမ်းခဲ့ပါဆွေ မနှောမြေ
၁၁:၅၅	World of Knowledge (Asia's Titanic)
၁၂:၄၅	3D ကမ္ဘာ
၁:၀၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ဘုတ်ဘုတ်)
၁:၂၅	**တစ်ပြည်ဝင်အိုး** ဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော် [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၁:၅၀	နှလုံးသားဖြင့် မြင်နိုင်စွမ်းသူတို့၏ Physiotherapy Clinic
၂:၀၅	လှုပ်ရှားမှုအဖုံဖုံ မြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၁)
၂:၃၀	ဆင်စွယ်ပန်းပု အခြေပြု လူ့လောကကိုအလှဆင်မည်
၂:၅၀	မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ
၃:၀၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၀၅	မြန်မာမှုလက်ရာ ပန်းတဉ်းပညာ
၄:၃၅	အယသမ်ဂီတို့ဖြစ်တည်ရာ···
၄:၄၅	တောင်ကြီးမြို့ရဲ့တုမရှိ လောကချမ်းသာစူဠာမုနိ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မလှိုင်မြို့ အမှတ်(၄) ရပ်ကွက်နေ ဦးမျိုးတင့်-ဒေါ်အေးမြင့်(သီရိရတနာ)ရွှေဆိုင် မိသားစုတို့က တန်ဖိုးငွေကျပ် ၄၅၀၀၀၀ တန်ဖိုးရှိ ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းသဖြင့် ဒုရဲမှူး စိုးမြင့်ဝင်း လက်ခံယူစဉ်။ (၀၈၃)

Royal Ayeyarwaddy Co.,Ltd. နှင့် View Sonic International Corporation တို့၏ View Sonic ထုတ်ကုန်ပစ္စည်းသစ်များ ရောင်းချပေးသည့် ဆိုင်ကြီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၅ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပစဉ်။
(မြန်မာ့အလင်း)

လွှတ်လပ်ရေးနေ့ အခမ်းအနား ရမည်းသင်း၌ကျင်းပ

ရမည်းသင်း ဇန်နဝါရီ ၉

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က ရမည်းသင်းမြို့နယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း ဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၃) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၈ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့် (သင်္ချာ)စွမ်းရည်ပြိုင်ပွဲတွင် ဒုတိယဆုနှင့် ကျောင်းအဆင့် စတုတ္ထတန်းတွင် ထူးချွန်ပထမဆုရရှိခဲ့သော ကျောင်းသူမဆုရတီစိုးအား ကျောင်းအုပ်ဆရာကြီး ဦးကျော်အောင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။
မြင့်သန်းကြည်(ရွှေပြည်သာ)

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

တပ်ကုန်း ဇန်နဝါရီ ၉

၂၀၁၁-၂၀၁၂ ခုနှစ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အသက် ၂၁ နှစ် အောက် ရပ်ကွက်/ကျေးရွာဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက် ညနေ ၃ နာရီက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အားကစားကွင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူ **(အပေါ်ပုံ)**က အမှာစကားပြောကြားသည်။

ထို့နောက် ပထမပွဲစဉ်အဖြစ် ဘုရင့်နောင်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၂၁)**

မွန်ပြည်နယ်မော်တော်ယာဉ် ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၉

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် မထသရုံး၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးမောင်ချစ်က စည်းကမ်းထိန်းသိမ်းရေး၊ စာရင်းစစ်အဖွဲ့၏ အကြံပြုချက်များလိုက်နာဆောင်ရွက်ရေး၊ ကျောင်း ကြို ပို့၊ ဝန်ထမ်း ကြို ပို့ယာဉ်များ အဆင်ပြေစွာပို့ဆောင်ပေးရေး၊ မော်လမြိုင်-ရန်ကုန်ခရီးသည်တင် မှန်လုံယာဉ်များ၊ မြို့နယ်(၁၀)မြို့နယ်ရှိခရီးသည်တင် မော်တော်ယာဉ်များ၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့သို့ ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်များရှိ ယာဉ်မောင်း ယာဉ်နောက်လိုက်များ ခရီးသည်များအပေါ် ပြေလည်စွာဆက်ဆံရေးနှင့် ယာဉ်စီးခပိုမိုကောက်ခံခြင်း မပြုရေးတို့ကို ဆွေးနွေးသည်။

ယင်းနောက် မြို့နယ်(၁၀)မြို့နယ်မထသတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို မေးမြန်းဆွေးနွေးညှိနှိုင်းကြကြောင်း သိရှိရသည်။ (၁၀၇)

ကလေးပြပွဲ ပြိုင်ပွဲနှင့် စံပြမိခင်ဆုပေးပွဲ ပျော်ဘွယ်မြို့နယ်၌ ကျင်းပ

ပျော်ဘွယ် ဇန်နဝါရီ ၉

ပျော်ဘွယ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်၊ ကလေးပြပွဲပြိုင်ပွဲနှင့်စံပြမိခင်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ ကျင်းပရာ ရှေးဦးစွာခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ထွေးက ပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဒုတိယကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာဆွေဇင်လင်းက ကလေးပြပွဲပြိုင်ပွဲနှင့် စံပြမိခင်ဆုချီးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်စည်းမျဉ်း စည်းကမ်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းကကလေးအမြွှာပြိုင်ပွဲတွင် ဆုရရှိသောကလေးငယ်များအား လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ထွေးက စံပြမိခင်ဆုရရှိသောမိခင်များအားလည်းကောင်း ဆုများချီးမြှင့်ပေးပြီး အသက်အပိုင်းအခြားအလိုက် ဆုရရှိသောကလေးများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အောဝမ်းဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

မြစ်သား ဇန်နဝါရီ ၉

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နဝမအကြိမ်မြောက်အောဝမ်းဖလား အသက် ၂၁ နှစ်အောက် ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဇန်နဝါရီ ၄ရက် ညနေပိုင်းက မြစ်သားမြို့နယ် သာလွန်စံပြကျေးရွာအားကစားကွင်း၌ ကျင်းပရာ အောဝမ်းအသင်းက ကုန်းရွာအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲ သွားသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်မောင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်နှင့် ဦးအောင်လင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်း၊ အား/ကာ ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် အလှူရှင်တို့က တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမဗိုလ်စွဲသည့် အောဝမ်းအသင်းအား အောဝမ်းပွဲရုံပိုင်ရှင် မိခင်ကြီး ဒေါ်ကြင်ကူး (သား) ဦးစိုးညွှန့် အလှူရှင်မိသားစုတို့က ပထမတံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** (ဝ၄ဝ)

လွတ်လပ်ရေးနေ့အခမ်းအနား လင်းခေးမြို့နယ်၌ကျင်းပ

လင်းခေး ဇန်နဝါရီ ၉

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို လင်းခေးမြို့နယ် နွယ်ဝတီခန်းမ၌ ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က ဖတ်ကြားသည်။ အခမ်းအနားသို့ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

စလင်း ဇန်နဝါရီ ၉

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အာဇာနည်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဓမ္မာရုံ(ယခင်၊ စား/ဖျော်)၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရှိ စလင်းမြို့နယ်သူ မြို့နယ်သားများအား အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ၂၀၁၁ခုနှစ် မတ်လ၌ ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏ သားသမီးများစာရင်းကို အသင်းအမှုဆောင်များထံ ဆက်သွယ်သတင်းပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သရက်ချောင်းမြို့နယ်၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

သရက်ချောင်း ဇန်နဝါရီ ၉

သရက်ချောင်းမြို့နယ် မြို့မရပ်ကွက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဟောပြော

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းကိုကိုက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဒေါ်နီနီမြင့်က လူမှောင်ခိုကုန်ကူးမှုနှင့်ပတ်သက်၍ ပညာပေးဟောပြောပြီး သရက်ချောင်း မြို့မရဲစခန်းမှူး ရဲအုပ်ဇော်မင်းနိုင်က လောင်းကစားမှုနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **ဘုဏ်ဝင်း(သရက်ချောင်း)**

လွတ်လပ်ရေးနေ့ဂုဏ်ပြု ရေတာရှည်မြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်

ရေတာရှည် ဇန်နဝါရီ ၉

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၂၉ ရက်က မင်္ဂလာကန်ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို အဆိုပါမုခ်ဦးရှေ့၌ ကျင်းပသည်။

မင်္ဂလာကန်ပတ်လမ်းကို စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ရန်ပုံငွေကျပ် ၁၀၉ သိန်းဖြင့် လမ်းအရှည်ပေ ၁၇၀၀ ခင်းပေးခဲ့သည်။ လမ်းဖွင့်ပွဲသို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးမျိုးသန့်နှင့် အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မှု ခင်း သ တင်း

မြန်မာ့အလင်း ၉-၁-၂၀၁၂

ဆိုင်ကယ်နှင့်ကား မျက်နှာချင်းဆိုင်တိုက်မိ

မိတ္ထီလာခရိုင် သာစည်မြို့နယ် ဟံဇားရဲစခန်းအပိုင် တမာကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၅၂/၆ အနီးတွင် ဇန်နဝါရီ ၁ ရက် ညက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဟံဇားရဲစခန်းမှူး ဒုရဲအုပ်ဖိုးတုတ်နှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။ ယာဉ်တိုက်မှုမှာ မန္တလေးမှ မိတ္ထီလာမြို့သို့ ပျော်ဘွယ်မြို့ မြို့သစ်ရပ်နေ ဦးသန်းထွန်း မောင်းနှင်သည့် နီဆန်း ၁၂ ဘီးကားနှင့် ဝမ်းတွင်းမြို့နယ် ကုန်းပန်းရွာနေ ခင်မောင်အေး စီးလာသော DT-125 ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိကြခြင်းဖြစ်သည်။ မျက်နှာချင်းဆိုင်တိုက်မိ၍ ဆိုင်ကယ်စီးသူ ခင်မောင်အေးမှာ ဦးခေါင်းပေါက်ပြဲကာ ဝဲဘက်လက်ကောက်ဝတ် အရိုးထွက်၍ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ ယာဉ်တိုက်မှုနှင့် ပတ်သက်၍ ဟံဇားရဲစခန်းက အရေးယူထားကြောင်း သိရှိရသည်။ (ဝ၁၂)

ရှေ့မှဆိုင်ကယ်အား နောက်ကဆိုင်ကယ်ဝင်တိုက်

မိတ္ထီလာမြို့တွင် ဇန်နဝါရီ ၅ ရက်က သာစည်ကားလမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ကြသည်။

ယာဉ်တိုက်မှုမှာ မိတ္ထီလာ-သာစည်ကားလမ်းဆုံအနီးတွင် အောင်ဇေယျာရပ်ကွက်နေ ကိုသန်းစိုး အနောက်မှအရှေ့သို့ စီးလာသော နံပါတ်မပါ- ၁၁၀ အနက်ရောင်ဆိုင်ကယ်အား မဟာစည်ရပ်နေ ကိုတင်ဇာလင်း စီးလာသော ဟွန်ဒါ အနက်ရောင်ဆိုင်ကယ်က နောက်မှအရှိန်ဖြင့် ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။ ဆိုင်ကယ် နှစ်စီးတိုက်မိ၍ ဆိုင်ကယ်စီးသူ ကိုသန်းစိုးနှင့် ကိုတင်ဇာလင်းတို့မှာ ပြင်းထန်စွာ ဒဏ်ရာရရှိသွား၍ မန္တလေးဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့လိုက်ရသည်။ နောက်မှ ဆိုင်ကယ်တိုက်သူအား အမှတ်(၁)ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (ဝ၁၂)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ပျံကျဈေးသည်များ ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲ စည်ပင်သာယာဈေးကြီးအတွင်းရှိ ပျံကျဈေးဆိုင်နေရာများတွင် ဈေးမရောင်းဘဲ ဈေးကြီးအပြင်လမ်းမပေါ်တွင် ပျံကျဈေးသည်များ ရောင်းချနေ၍ ယာဉ်တိုက်မှုများမကြာခဏဖြစ်ပွားနေပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ယာဉ်အန္တရာယ်စိုးရိမ်သူ**

စွန့်ပစ်အနံ့ဆိုးများ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်အမှတ် (၃) ချင်းတွင်းလမ်းပေါ်တွင် သိမ်းဆည်းလာသောအမှိုက်များကို စည်ပင်ရုံးရှေ့တွင်မီးရှို့ခြင်း၊ အမှိုက်များကိုစည်းကမ်းမဲ့စွာ မီးသတ်ရေကန်ဘေးပတ်ပတ်လည်တွင် ပစ်ချခြင်းတို့ကြောင့် ကန်ဘေးပတ်လည်တွင် နေထိုင်သော နေအိမ်များမှာ အနံ့ဆိုးများကို နေ့စဉ်ရှူရှိုက်နေရသည့်အပြင် မီးဘေးအန္တရာယ်လည်း စိုးရိမ်ရပါသောကြောင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

ပျံကျဈေးသည်များအား ရှင်းလင်းဆောင်ရွက်ပြီးဖြစ်

၈-၁၁-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **လှည်းကူးမြို့ ဇရပ်ကွင်း (စံပြကျေးရွာ)ရှိ အမှတ်(၂) အမြန်လမ်းမကြီးဘေး အများပြည်သူသွားလမ်းနှင့် လှည်းလမ်းပေါ်ရှိ ပျံကျဈေးသည်များအား ဖယ်ရှားပေးရန်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် ဦးဆောင်သောအဖွဲ့နှင့် ဒိန်းမတ်နိုင်ငံဝန်ကြီး ဦးဆောင်သောအဖွဲ့တို့ သီးခြားစီတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျပန်နိုင်ငံ အထက်လွှတ်တော် (HOUSE of Councillors) အမတ် Mr. Hirohiko NAKAMURA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင် (၁) ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၏ ပကတိနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အလားတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr.Christian Friis Bach ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရန် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျပန်နိုင်ငံ အထက်လွှတ်တော် (HOUSE of Councillors) အမတ် Mr. Hirohiko NAKAMURA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

Microfinance လုပ်ငန်းများ ကိုယ်ပိုင်အစီအစဉ်ဖြင့် ဖော်ဆောင်လျက်ရှိ

အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး အထောက်အကူပြု ငွေရေးကြေးရေးလုပ်ငန်းများ စနစ်တကျပေါ်ပေါက်လာစေရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၉

ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေးအတွက် ငွေရေးကြေးရေးဝန်ဆောင်မှုများ ဖြည့်ဆည်းပေးခြင်းသည် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊ ငွေရေးကြေးရေး ဝန်ဆောင်မှုများပေးရန်အတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းကို တည်ထောင်လုပ်ကိုင်ခွင့်ပြုခြင်းအားဖြင့် ကျေးလက်ဒေသနေ ဆင်းရဲသူများကိုသာမက မြို့ပြနေ အခြေခံလူတန်းစားများကိုပါ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းဖြင့် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ (၁/၂၀၁၂)ကြိမ်မြောက် အစည်းအဝေးတွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လက်ရှိအခြေအနေတွင် ဝင်ငွေနည်းပါးသည့် အခြေခံလူတန်းစားများအတွက် အသေးစားငွေရေး ကြေးရေးလုပ်ငန်းကို ဘဏ်များ၊ သမဝါယမအသင်းများ၊ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ လူမှုရေးအသင်း အဖွဲ့များက ၎င်းတို့ရွေးချယ်သည့် ဒေသအချို့၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါအခွင့်အလမ်းများကို ဒေသအားလုံး မရရှိသေးသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံအတွင်း အသေးစားငွေရေးကြေးရေးလုပ်ငန်းတစ်ခုလုံးကို စနစ်တကျ စည်းမျဉ်းစည်းကမ်းများချမှတ်ပြီး ကြီးကြပ်ဆောင်ရွက်နိုင်သည့် စနစ်တစ်ရပ်မရှိသေးသည့်အတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများသည် မိမိတို့၏ ကိုယ်ပိုင်အစီအစဉ်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်နည်းလုပ်ဟန်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအနေဖြင့် လုပ်ငန်းများကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် အဆင့်(၄)ဆင့်ခွဲပြီး ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ပထမအဆင့်တွင် အသေးစားငွေရေး ကြေးရေးလုပ်ငန်းဥပဒေပြဋ္ဌာန်းနိုင်ရန်၊ ဒုတိယအဆင့်တွင် ကြီးကြပ်မှု ကော်မတီဖွဲ့စည်းသွားရန်၊ တတိယအဆင့်တွင် လုပ်ငန်းများကို ကြီးကြပ် ဆောင်ရွက်ရာ၌ ပိုမိုပြင်စွာဆောင်ရွက်နိုင်ရန် မြန်မာ့အသေးစားချေးငွေ လုပ်ငန်းကို မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်းအဖြစ် ပြန်လည်ပြင်ဆင်ဖွဲ့စည်းသွားရန်နှင့် စတုတ္ထအဆင့်အနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို စနစ်တကျကြီးကြပ် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ ✻

မန္တလေးမြို့မှ မြန်မာ့သမိုင်းဝင် ဂေါ်ဝိန်ဆိပ်ကမ်း နိုင်ငံခြားခရီးသွားများ ပုဂံ-ညောင်ဦးသို့သွားရောက်ရာ သင်္ဘောဆိပ်ဖြစ်လာ

မန္တလေး ဇန်နဝါရီ ၉

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် မန္တလေးမြို့ရောက် နိုင်ငံခြားခရီးသွားဧည့်သည်များသည် ယခုရက်ပိုင်းအတွင်း မြန်မာ့သမိုင်းဝင် ဂေါ်ဝိန်ဆိပ်ကမ်းမှတစ်ဆင့် (အောက်ပုံ) သင်္ဘောဖြင့် စီးနင်းလိုက်ပါလျက် ပုဂံ-ညောင်ဦးဒေသသို့ သွားရောက်လည်ပတ်လေ့လာမှု ယခင်ကထက် ပိုမိုများပြားလာကြောင်း သိရသည်။

"နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်လာမှုကလည်း အရင်ကထက် ပိုများလာတယ်။ မန္တလေးရောက်ပြီး ပုဂံ-ညောင်ဦးဘက်သွားချင်ရင် သင်္ဘောနဲ့သွားလာကြတာ များလာတယ်။ နိုင်ငံခြားခရီးသွားတွေ အရင်ထက် မြန်မာနိုင်ငံကို ပိုမိုစိတ်ဝင်စားလာတာကြောင့် နိုင်ငံခြားခရီးသွားဧည့် ဝင်ရောက်လာမှု ပိုမိုတိုးတက်လာတာဖြစ်မှာပါ။ နိုင်ငံခြားခရီးသွားဧည့်သည် ပိုမိုဝင်ရောက်လာတာ နိုင်ငံခြားဝင်ငွေတိုးတက်တဲ့ အပြင် မြန်မာနိုင်ငံအကြောင်းကို ကမ္ဘာ့နိုင်ငံတွေက ပိုမိုသိရှိလာမှာဖြစ်လို့ ကျွန်တော်တို့က နွေးထွေးပျူငှာစွာ ကြိုဆိုကြရမှာပါ။ မန္တလေးကနေ ညောင်ဦးအထိ နိုင်ငံခြားခရီးသွားဧည့်သည်တစ်ဦးကို ဒေါ်လာ ၄၀ ယူပါတယ်။ ပြည်တွင်းခရီးသွားတစ်ဦးကတော့ ကျပ်တစ်သောင်းဖြစ်ပါတယ်"ဟု မြန်မာ့ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦး ကဆိုသည်။

မန္တလေးမြို့သည် ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များစွာ ထိန်းသိမ်းထားရှိသည့်မြို့ဖြစ်ပြီး နိုင်ငံ၏ နောက်ဆုံး ကုန်းဘောင်မင်းဆက် သီပေါမင်း နန်းစိုက်စိုးစံခဲ့ရာ မင်းနေပြည်တော်ဟောင်းလည်း ဖြစ်သည်။

သီပေါမင်းသည် ဂေါ်ဝိန်ဆိပ်မှပင် ပါတော်မူခဲ့ခြင်းကြောင့် အဆိုပါ သင်္ဘောဆိပ်သည် မြန်မာ့လွတ်လပ်ရေးအတွက် ယနေ့တိုင် မမေ့နိုင်စရာ မြင်ကွင်းအဖြစ် သမိုင်းဝင်လျက်ရှိပါကြောင်း. . . .။ **ဦးချမ်းသာ(မိတ္ထီလာ)**

▶ မောင်မောင်မြင့်ဆွေ ➢ ရေးသားသည် ◀

စပိန်လာလီဂါ ပွဲစဉ်(၁၇) ဆက်လက်ယှဉ်ပြိုင် ဘာစီလိုနာတို့ သရေပွဲဖြစ်

မက်ဒရစ် ဇန်နဝါရီ ၉

စပိန်လာလီဂါ ပွဲစဉ်(၁၇) လက်ကျန်ပွဲများကို ဇန်နဝါရီ ၉ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာနှင့် အက်စ်ပန်ညိုတို့ တစ်ဂိုးစီ သရေပွဲဖြစ်သော်လည်း ***(အပေါ်ပုံ)*** *ဗာလီကာနို အသင်းက ဆီဗီလာကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။*

ဘာစီလိုနာအသင်းသည် တန်းစီဇယားထိပ်ဆုံးမှ ရီးရဲမက်ဒရစ်နှင့် အမှတ်ကွာဟမှုနည်းရန် ကြိုးစားခဲ့သော်လည်း အက်စ်ပန်ညိုအသင်း၏ မာမာတင်းတင်း တုံ့ပြန်ကစားမှုကြောင့် ဂိုးများမသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ●